လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
Ministry of Social Welfare, Relief and Resettlement
Office No. (23), Nay Pyi Taw

Monthly Newsletter　သတင်းလွှာ　March 2023

# လူ့အခွင့်အရေးဆိုင်ရာ ကွန်ဗင်းရှင်းများနှင့် စပ်လျဉ်း၍ အသိပညာမြှင့်မားရေး သင်တန်းဖွင့်ပွဲ ကျင်းပခြင်း




**၂၀၂၃ ခုနှစ်၊ မတ်လ ၆ ရက်နေ့　　　နေပြည်တော်**

လူ့အခွင့်အရေးဆိုင်ရာ ကွန်ဗင်းရှင်းများနှင့် စပ်လျဉ်း၍ အသိပညာမြှင့်မားရေး သင်တန်းဖွင့်ပွဲ အခမ်းအနားကို (၆-၃-၂၀၂၃) ရက်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စုပေါင်းခန်းမ၌ ကျင်းပပြုလုပ်ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာသက်သက်ခိုင်က အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးကသင်တန်း၏ရည်ရွယ်ချက်များမှာ လူ့အခွင့်အရေးဆိုင်ရာ အခြေခံသဘောတရားတို့ကိုသိရှိနားလည်ခြင်းအားဖြင့် ပြည်သူလူထုအား ပိုမိုကူညီစောင့်ရှောက်နိုင်ရန်၊ လူ့အခွင့်အရေးဆိုင်ရာ ကွန်ဗင်းရှင်းတို့နှင့်စပ်လျဉ်း၍ ဝန်ကြီးဌာန အသီးသီးက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကို သိမြင်နားလည်နိုင်စေရန်နှင့် လူ့အခွင့်အရေးနှင့်ပတ်သက်၍ မိသားစုနှင့် ရပ်ရွာပတ်ဝန်းကျင်တွင် အသုံးချလိုက်နာဆောင်ရွက်မှုတိုးတက်ကောင်းမွန်လာစေရန်တို့ဖြစ်ပါကြောင်း၊ လူ့အခွင့်အရေးနှင့် ပတ်သက်ပြီး လူ့အဖွဲ့အစည်းအတွင်း ရှေးနှစ်ပေါင်းများစွာကပင် ကျင့်သုံးဆောင်ရွက်ခဲ့ပါကြောင်း၊ လူသားတစ်ဦးအား လေးစားတန်ဖိုးထားရန်ဆိုတဲ့ အနှစ်သာရကို

ယဉ်ကျေးမှုတိုင်း၊ လူမှုအသိုင်းအဝိုင်းတိုင်း၊ ကိုးကွယ်တဲ့ ဘာသာတိုင်း၊ အတွေးအခေါ်အယူအဆတိုင်းတွင်တွေ့မြင်နိုင်မှာဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။



ထို့အပြင် မိမိရဲ့လူ့အခွင့်အရေး လိုအပ်ချက်တွေကို ရရှိခံစားနိုင်ရေး သို့မဟုတ် ရရှိနိုင်ရေး တောင်းဆိုရာတွင် အများပြည်သူ အနှောင့်အယှက် မဖြစ်စေရန်၊ အခြားသူတစ်ဦးရဲ့ လူ့အခွင့်အရေး ရရှိပိုင်ခွင့်ကို မထိခိုက်စေရန်၊ သက်ဆိုင်ရာ လူ့အဖွဲ့အစည်းရဲ့ ယဉ်ကျေးမှု၊ ကိုးကွယ်ရာဘာသာ၊ ထုံးတမ်းစဉ်လာ သတ်မှတ်ချက်တွေကို ကျော်လွန်မှုမရှိစေရန်၊ မိမိကိုယ်တိုင်ရဲ့ တာဝန်သိမှု၊ တာဝန်ရှိမှုတို့ကို ထည့်သွင်းစဉ်းစားရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံဟာကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်တဲ့အားလျော်စွာ နိုင်ငံသူ၊ နိုင်ငံသားတို့ရဲ့ လူ့အခွင့်အရေးတို့ကို အလေးထား ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အနေဖြင့်အမျိုးသမီးများအားနည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာကုလသမဂ္ဂကွန်ဗင်းရှင်း(UNCEDAW)၊ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း(UNCRC)၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (UNCRPD)တို့ကို အဓိကတာဝန်ယူ အကောင်အထည်ဖော်ရသည့်အတွက် အဆိုပါ ကွန်ဗင်းရှင်းများကို သိရှိနားလည်နိုင်ဖို့ လိုအပ်ကြောင်း၊ လူ့အခွင့်အရေးဆိုင်ရာ ကွန်ဗင်းရှင်းတို့ကို ထိထိရောက်ရောက် အကောင်အထည်ဖော်ခြင်းအားဖြင့် ဝန်ကြီးဌာန၏ မူဝါဒကို ပြည့်မီစေရေး အပြင် ကုလသမဂ္ဂ၏ ၂၀၃၀ အစီအစဉ်ဖြစ်သည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်များ ပြည့်မီစေရေးအတွက်လည်း အထောက်အကူဖြစ်စေပါကြောင်း ပြောကြားခဲ့ပါသည်။



ထို့အပြင် ပြန်လည်ထူထောင်ရေးဦးစီးဌာနဟာ မိုင်းထိပြည်သူများ၊ လက်နက်ကိုင် ပဋိပက္ခတို့ကြောင့် ထိခိုက်ခံစားရသည့် ကလေးသူငယ်များ၊ မသန်စွမ်းသူများ အပါအဝင် ထိခိုက်လွယ်အုပ်စုများ၊ မူးယစ်ဆေးဖြတ်ပြီးသူများ၊ လူကုန်ကူးခံရသူ များအတွက် လုပ်ငန်းစဉ်(၅)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာမှာ နိုင်ငံအတွင်းရှိ တည်ဆဲဥပဒေများနှင့် နည်းဥပဒေတွေနဲ့အညီ အကောင်အထည်ဖော်ဖို့ လိုအပ်တဲ့အပြင် နိုင်ငံတကာမှ သဘောတူ ချမှတ်ထားသည့် လူ့အခွင့်အရေးဆိုင်ရာ ကွန်ဗင်းရှင်းနှင့် သဘောတူညီချက်တွေကိုလည်း အလေးထား လိုက်နာ ဆောင်ရွက်ရမှာဖြစ်ကြောင်း၊ သင်တန်း တက်ရောက်ကြတဲ့ ဝန်ထမ်းများအနေဖြင့် လူ့အခွင့်အရေးဆိုင်ရာ အခြေခံသဘောတရား၊ သမိုင်းကြောင်း၊ လူ့အခွင့်အရေးဆိုင်ရာကွန်ဗင်းရှင်းများ၊ ဝန်ကြီးဌာန အသီးသီးမှ လူ့အခွင့်အရေးနှင့် ဆက်စပ်၍ အကောင်အထည်ဖော် ဆောင်ရွက်ချက်များအား သိရှိနားလည်နိုင်မည့် အကျိုးကျေးဇူးများရရှိနိုင်ပြီး ပြည်သူလူထုအတွက် ပိုမိုအကျိုးဖြစ်ထွန်းစေသော ဝန်ဆောင်မှု

အစီအစဉ်တို့ကို ပံ့ပိုးနိုင်မှာဖြစ်ကြောင်း၊ သင်တန်းက ပို့ချမည့်သင်ခန်းစာများကို သေချာစွာ မှတ်ယူသင်ကြား ခြင်းနှင့် တက်ကြွစွာ ပါဝင်ဆွေးနွေးခြင်းအားဖြင့် သက်ဆိုင်ရာလုပ်ငန်းခွင်တွင်ပြန်လည်အသုံးချဆောင်ရွက် နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားခဲ့ပါသည်။

လူ့အခွင့်အရေးဆိုင်ရာ ကွန်ဗင်းရှင်းများနှင့် စပ်လျဉ်း၍ အသိပညာမြင့်မားရေးသင်တန်းတွင် လူ့အခွင့်အရေးဆိုင်ရာ အခြေခံစည်းမျဉ်းများ၊ လူ့အခွင့်အရေး ဆိုင်ရာကွန်ဗင်းရှင်း များနှင့် ဆက်စပ်သည့် သင်ခန်းစာတို့ကို ဘာသာရပ် ဆိုင်ရာပုဂ္ဂိုလ်များမှ (၆-၃-၂၀၂၃) ရက်မှ (၇-၃-၂၀၂၃) ရက်အထိ (၂) ရက်တာ ပို့ချခဲ့ကြပါသည်။

## ကလေးအလုပ်သမားဆိုင်ရာ အသိပညာပေး သင်တန်းဖွင့်ပွဲ ကျင်းပခြင်း




**၂၀၂၃ ခုနှစ်၊ မတ်လ ၉ ရက်နေ့** **နေပြည်တော်**

ကလေးအလုပ်သမားဆိုင်ရာ အသိပညာပေး သင်တန်းအမှတ်စဉ်(၂)ဖွင့်ပွဲ အခမ်းအနားကို (၉-၃-၂၀၂၃) ရက်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန၊ စုပေါင်းခန်းမ၌ ကျင်းပပြု လုပ်ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးစိုးကြည်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများနှင့် သင်တန်းသား/ သင်တန်းသူများ တက်ရောက်ခဲ့ပါသည်။

အဆိုပါ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး က အဖွင့်အမှာစကားပြောကြားရာ ရပ်ရွာအတွင်းရှိ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သောကလေးသူငယ်များ၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရသောဖြစ်ရပ်များ၊ သဘာဝ ဘေးကြောင့်ဖြစ်စေ၊ ပဋိပက္ခကြောင့်ဖြစ်စေ ထိခိုက်ခံစား ရသော ကလေးသူငယ်များ၊ကလေးအလုပ်သမားများအပေါ် ခေါင်းပုံဖြတ်ခြင်း၊မတရားခိုင်းစေခြင်းများမှအကာအကွယ် ပေးခြင်းကိုလည်း လိုအပ်သော ဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိပြီး ကလေးအလုပ်သမားဆိုင်ရာ ကိစ္စရပ်များအား ထိရောက်စွာ ကာကွယ်စောင့်ရှောက်နိုင်

ရန် ရည်ရွယ်၍ ယခုသင်တန်းအား ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။



ထို့အပြင် လူမှုဝန်ထမ်းဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲမှုစနစ်တည်ထောင်ထားပြီး ထိခိုက်ခံစားရသူတို့၏ လူမှုရေးဆိုင်ရာပြဿနာများ ဖြေရှင်းရာတွင် စနစ်တကျ လေ့ကျင့်ပေးထားသော လူမှုရေးရာဖြစ်ရပ် စီမံခန့်ခွဲသူများကို အရည်အသွေးမြင့်မားစေရန်အတွက် ရည်ရွယ်ခြင်းဖြစ်၍ လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲသူများ၏ အကူအညီဖြင့် ရပ်ရွာအတွင်းရှိ အရင်းအမြစ်များနှင့် ဝန်ဆောင်မှုများကို အသုံးပြု၍ စီမံခန့်ခွဲဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ လက်အောက်ရှိ အသိပညာပေးရေး စွမ်းဆောင်ရည်မြင့်မားရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ပြီး၊အဆိုးဝါးဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးသူငယ်များအား ကာကွယ်စောင့်ရှောက်ရန် စီမံချက်များချမှတ် ဆောင်ရွက်လျက်ရှိရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်များတွင်လည်း သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ချိတ်ဆက်၍ အသိပညာပေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားခဲ့ပါသည်။

ကလေးသူငယ် အခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီ (၁/၂၀၂၂) အစည်းအဝေး၏ ဆုံးဖြတ်ချက်အမှတ်(၅)အရ လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲမှု လုပ်ငန်းစဉ်များတွင် ကလေးလုပ်သား ပြဿနာများပါ ပိုမိုအကျုံးဝင်ချိတ်ဆက်ဆောင်ရွက်ရန် ဆုံးဖြတ်ထားခြင်းကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်ရမှာဖြစ်၍ အလုပ်သမားဝန်ကြီးဌာန၊ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပြုပေးရေးအဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါကြောင်း၊ တက်ရောက်လာသူများအနေနဲ့လည်း တိုင်းဒေသကြီး/ ပြည်နယ်များမှ လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲသူများ၊ ကြီးကြပ်သူများ ပါဝင်တက်ရောက်သဖြင့် ဌာနအချင်းချင်း ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်းအပြင် ဝန်ဆောင်မှုပေးခြင်းများအား အသိပညာဖလှယ်ခွင့်ရရှိနိုင်မှာ ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။



အဆိုပါ“ကလေးအလုပ်သမားဆိုင်ရာအသိပညာပေးသင်တန်းအမှတ်စဉ်(၂)”တွင် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှဝန်ထမ်း(၅)ဦး၊ နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်များရှိ လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲသူ (၁၅)ဦး၊ ဦးစီးဌာန (ရုံးချုပ်) မှ Help Line တာဝန်ကျဝန်ထမ်း(၂၀)ဦးနှင့် စုစုပေါင်း သင်တန်း(၄၀)ဦးဖြင့် (၉.၃.၂၀၂၃)ရက်နေ့မှ (၁၀.၃.၂၀၂၃) ရက်နေ့အထိ (၂)ရက်တာ ဖွင့်လှစ်ပေးခြင်းဖြင့် အလုပ်လုပ်ကိုင်နေသော ကလေးသူငယ်များ၏ ပြဿနာများ ကြုံတွေ့လာရပါက သင်တန်းမှရရှိသော အသိပညာများဖြင့် လူမှုရေးပြဿနာများအား လူမှုဝန်ထမ်း နည်းလမ်း

အသုံးပြု၍ ဖြေရှင်းဆောင်ရွက်ခြင်း၊ ချိတ်ဆက်ခြင်း၊ ညွှန်းပို့ခြင်းဖြင့် ဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါကြောင်း သိရှိရပါသည်။

## ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဒုတိယညှိနှိုင်းရေးမှူး Mr. David Carden နှင့်တွေ့ဆုံခြင်း




**၂၀၂၃ ခုနှစ်၊ မတ်လ ၉ ရက်နေ့ နေပြည်တော်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်အား ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဒုတိယ ညှိနှိုင်းရေးမှူးဖြစ်သူ မြန်မာနိုင်ငံဆိုင်ရာ UNOCHA ရုံးအကြီးအကဲ Mr. David Carden ဦးဆောင်သော အဖွဲ့သည် (၉-၃-၂၀၂၃) ရက်နေ့တွင် အဆိုပါ ဝန်ကြီးဌာန၊ အစည်းအဝေးခန်းမတွင် လာရောက် တွေ့ဆုံခဲ့ပါသည်။

တွေ့ဆုံစဉ် Mr. David Carden က မြန်မာနိုင်ငံရှိ ကုလသမဂ္ဂနှင့် အစိုးရမဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းများမှ နိုင်ငံခြားသားဝန်ထမ်းများ၏ ပြည်ဝင်ခွင့် ဗီဇာရရှိရေးနှင့် လူသားချင်း စာနာမှုအကူအညီပေးအပ်နိုင်ရေးကိစ္စရပ်များ၊ အဖွဲ့အစည်းမှတ်ပုံတင်ရေးကိစ္စရပ်များ၊ UNOCHA နှင့် ဝန်ကြီးဌာနတို့အကြား နားလည်မှုစာလွှာအရ ပူးပေါင်းဆောင်ရွက်မှု အခြေအနေများ ဆွေးနွေးတင်ပြခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးက အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေပြဌာန်းပြီး ဖြစ်သည့်အတွက် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများသည် ပြည်ထဲရေးဝန်ကြီးဌာနတွင် မှတ်ပုံတင်နိုင်ရန်သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ထောက်ခံချက်ပေးရန် လိုအပ်သဖြင့် ဦးစွာပူးပေါင်းဆောင်ရွက်မည့် နားလည်မှုစာချွန်လွှာကို လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ညှိနှိုင်းပြီးပါက အသင်းအဖွဲ့မှတ်ပုံတင်ရန် ဝန်ကြီးဌာနက ထောက်ခံနိုင်မည့်ကိစ္စများ၊ နားလည်မှုစာချွန်လွှာရှိပြီးပါက ဝန်ကြီးဌာနက ပြည်ဝင်ဗီဇာနှင့် ခရီးသွားလာခွင့်၊ ထောက်ခံချက်ပေးရန်ကိစ္စများ၊ နေရပ်စွန့်ခွာသူများ ပြန်လည် လက်ခံရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများနှင့် (၈-၃-၂၀၂၃)ရက်နေ့နှင့် (၉-၃-၂၀၂၃)ရက်နေ့ တို့တွင် ရန်ကုန်မြို့ရှိ သံတမန်များအား ဖိတ်ကြား၍ ပြန်လည်လက်ခံရေး

ဆောင်ရွက်ထားမှုများကို သွားရောက်လေ့လာနေသည့် ကိစ္စရပ်များ၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အာဆီယံ (AHA Centre) ၊ အိန္ဒိယနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ ပေးအပ်နေသည့် အကူအညီများနှင့် စီမံကိန်း ဆိုင်ရာကိစ္စရပ်များ၊ UNOCHA မှ ထုတ်ပြန်သည့် Humanitarian Response Plan 2023 နှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပါသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးစိုးကြည်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြပါသည်။

## သိုလှောင်ရုံထိန်းသိမ်းခြင်းသင်တန်း(၁/၂၀၂၃) ဖွင့်ပွဲအခမ်းအနားကျင်းပခြင်း



**၂၀၂၃ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့** **နေပြည်တော်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ သိုလှောင်ရုံထိန်းသိမ်းခြင်းသင်တန်း (၁/၂၀၂၃) ဖွင့်ပွဲအခမ်းအနားကို (၁၃-၃-၂၀၂၃) ရက်နေ့တွင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးကအမှာစကားပြောကြားရာတွင် ကယ်ဆယ်ရေးပစ္စည်းများထောက်ပံ့ခြင်း၊ ဖြန့်ဝေခြင်းစသည့် အရေးပေါ်အခြေအနေထောက်ပံ့ပို့ဆောင်ခြင်းလုပ်ငန်းစဉ်သည် ဘေးဖြစ်ပွားနေစဉ်နှင့် ဘေးဖြစ်ပွားပြီးချိန်များတွင် အဓိကဆောင်ရွက်ရသည့် လုပ်ငန်းစဉ်ဖြစ်ပါကြောင်း၊ အာဆီယံဒေသတွင်းအနေဖြင့် အာဆီယံလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့ပေးရေး ညှိနှိုင်းမှုဗဟိုဌာန (AHA Centre) က ဆောင်ရွက်လျက်ရှိသည့် ASEAN Standards and

Certification for Experts in Disaster Management (ASCEND) Project အရ "အာဆီယံ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့ပို့ဆောင်ရေးသင်တန်း" (ASEAN Humanitarian Logistics Training) ကို ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်နေပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း ဘေးဖြစ်ပွားချိန်၌ ဘေးသင့်သူများအား အရေးပေါ်ထောက်ပံ့မှုများ အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်ရန် သိုလှောင်ရုံများဖွင့်လှစ်ထားရှိပြီး ကယ်ဆယ်ထောက်ပံ့ရေး ပစ္စည်းများကို ကြိုတင်ဝယ်ယူဖြည့်တင်းခြင်း၊ စနစ်တကျ သိုလှောင်၍ အရန်သင့်ထောက်ပံ့နိုင်ရေး စီစဉ်ထားရှိခြင်းစသည့် ထောက်ပံ့ပို့ဆောင်ရေး လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားခဲ့ပါသည်။



ထိုသို့ ဆောင်ရွက်ရာတွင် ဘေးသင့်သူများ လက်ဝယ်သို့ ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများ အမြန်ရောက်ရှိရေးအတွက် သိုလှောင်ရုံ၊ ရုံးနှင့် ဝန်ထမ်းအိမ်ရာများ တစ်စုတစ်စည်းတည်း ရှိစေသည့် ပုံစံကို "စံ" အဖြစ် သတ်မှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဗဟိုသိုလှောင်ရုံ (ရန်ကုန်မြို့) အနေဖြင့် သိုလှောင်ရုံ၊ ရုံးနှင့် ဝန်ထမ်းအိမ်ရာများ တစ်စုတစ်စည်း ရှိနေပြီဖြစ်သည့် အတွက် စံကိုက်ရှိနေပြီဖြစ်ကြောင်း၊ ဗဟိုသိုလှောင်ရုံ (မန္တလေးမြို့) ကိုလည်း အလားတူ ဆောင်ရွက်နိုင်ရေး ဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဗဟိုသိုလှောင်ရုံ (ရန်ကုန်မြို့) အနေဖြင့် အောက်မြန်မာပြည်တွင် ရှိသည့် သိုလှောင်ရုံပေါင်း (၆၂)ရုံ၊ ဗဟိုသိုလှောင်ရုံ (မန္တလေးမြို့) အနေဖြင့် အထက်မြန်မာပြည်တွင်ရှိသည့် သိုလှောင်ရုံပေါင်း (၇၇)ရုံ တို့ကို ထောက်ပံ့ရေးပစ္စည်းများ ဖြန့်ခွဲ ပေးပို့ဆောင်ရွက်လျက်ရှိသည့်အတွက် သိုလှောင်ရုံ စုစုပေါင်း (၁၄၁) ရုံ ဖွင့်လှစ်ပြီး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ သိုလှောင်ရုံများကို စနစ်တကျစီမံခန့်ခွဲနိုင်ခြင်းမရှိပါက သိုလှောင်ပစ္စည်းများ ဆုံးရှုံးပြီး နိုင်ငံ့ဘဏ္ဍာဆုံးရှုံးမှုများ ဖြစ်ပေါ်စေနိုင်ပါကြောင်း ပြောကြားခဲ့ပါသည်။



ထို့အပြင် သိုလှောင်ပစ္စည်းများ လက်ခံ၊ ထိန်းသိမ်း၊ ထုတ်ပေးမှုတွင် လယ်ဂျာမှတ်တမ်း သတ်မှတ်ပုံစံများ၌ စနစ်တကျ မှတ်တမ်းတင် လျက်ရှိသလို IT နည်းပညာ အသုံးပြုထားသည့် Inventory Management Software ကိုလည်း စတင် အသုံးပြုနေပြီဖြစ်ကြောင်း၊ Software ရေးသွင်းရာတွင် ကြုံတွေ့ရသည့် လိုအပ်ချက်၊ အခက်အခဲ၊ အားနည်းချက်၊ အားသာချက်များကို Software ရေးဆွဲသည့်ကုမ္ပဏီနှင့် ညှိနှိုင်းပြီး ပိုမို ရှင်းလင်းလွယ်ကူစွာ ဆောင်ရွက်နိုင်ရန် Software ပြင်ဆင်ရေးဆွဲခြင်းဖြင့် သိုလှောင်ရုံဆိုင်ရာအချက်အလက်များ မြန်ဆန်မှန်ကန်စွာသိရှိနိုင်ခြင်း၊ အချိန်ကုန်သက်သာစေခြင်းနှင့် ပစ္စည်းလေလွင့်ဆုံးရှုံးမှု၊ လျော့နည်းမှုတို့ကို မဖြစ်ပေါ်စေရေး ပိုမိုကြိုးကြပ်ဆောင်ရွက်နိုင်ခြင်းစသည့် အကျိုးကျေးဇူး

များ ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ စာရွက်စာတမ်းစနစ်ဖြင့်လည်း မှန်ကန်စွာ မှတ်တမ်းပြုကြရန်လိုပါကြောင်း၊ သင်တန်းမှ ပို့ချမှုများကို လေ့လာမှတ်သားပြီး အကျိုးရှိထိရောက်စွာ အသုံးချကြပါရန် တိုက်တွန်းပါကြောင်း ပြောကြားပါသည်။

သိုလှောင်ရုံ ထိန်းသိမ်းခြင်းသင်တန်း (၁/၂၀၂၃) ဖွင့်ပွဲအခမ်းအနားကိုပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ အမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ၊ နည်းပြများနှင့် သင်တန်းသား/သူများ တက်ရောက်ကြပါသည်။ သိုလှောင်ရုံထိန်းသိမ်းခြင်း သင်တန်း (၁/၂၀၂၃)သို့ ဦးစီးဌာန (ရုံးချုပ်)နှင့် တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ်ဦးစီးမှူးရုံးများမှ သင်တန်းသား၊ သင်တန်းသူ အရာထမ်း စုစုပေါင်း (၂၇)ဦး တက်ရောက်ခဲ့ကြပြီး အဆိုပါသင်တန်းကို (၁၃-၃-၂၀၂၃) ရက်နေ့မှ (၁၇-၃-၂၀၂၃) ရက်နေ့အထိ (၅)ရက်ကြာ ဖွင့်လှစ်ခဲ့ပါသည်။

## ပြည်ပသင်တန်း၊ အလုပ်ရုံဆွေးနွေးပွဲ၊ အစည်းအဝေးပွဲများမှ ပြန်လည်ရောက်ရှိလာသူများ၏ အသိပညာမျှဝေခြင်း အစီအစဉ် ကျင်းပခြင်း



**၂၀၂၃ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့ နေပြည်တော်**

ပြည်ပနိုင်ငံများတွင် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများ တက်ရောက်၍ ပြန်လည် ရောက်ရှိလာသော အရာထမ်းများ၏ အတွေ့အကြုံ ရှင်းလင်းခြင်း အစီအစဉ်ကို (၁၄-၃-၂၀၂၃) ရက်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန၊ စုပေါင်း အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးစိုးကြည်တို့ ဦးဆောင်၍ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ အတွေ့အကြုံရှင်းလင်းခြင်းအစီအစဉ်၌ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် ပြည်ပနိုင်ငံများမှ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများ တက်ရောက်၍ ပြန်လည်

ရောက်ရှိလာသော အရာထမ်းများ၏ အတွေ့အကြုံ ရှင်းလင်းခြင်း အစီအစဉ်ကို တစ်လလျှင် တစ်ကြိမ် ဆောင်ရွက်လျက်ရှိပါသည်။



ယနေ့အစီအစဉ်သည် တတိယအကြိမ်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် ပြည်ပခရီးစဉ်များ သွားရောက်ခဲ့သူများအား မိမိတို့လေ့လာခဲ့သည်များကို ပိုမိုနားလည်သိရှိနိုင်စေရန်နှင့် ဝန်ကြီးဌာနမှ တာဝန်ရှိ အကြီးအကဲများအနေဖြင့် နိုင်ငံတကာကဆောင်ရွက်လျက်ရှိသောလုပ်ငန်းအစီအစဉ်များကို ခေတ်နှင့်အညီသိရှိပြီး လိုက်ပါ ဆောင်ရွက်နိုင်စေရန်၊ တက်ရောက်လာသူဝန်ထမ်းများအနေဖြင့်လည်း ဘာသာရပ်များအကြောင်း သိရှိစေပြီး ဌာနအချင်းချင်း ပိုမိုပူးပေါင်း လုပ်ဆောင်မှု အားကောင်းစေရန်ဖြစ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းဘာသာရပ်ဆိုင်ရာကျွမ်းကျင်မှု၊ ရုံးလုပ်ငန်းကျွမ်းကျင်မှု၊ အင်္ဂလိပ်စာကျွမ်းကျင်မှု၊ IT နည်းပညာများကျွမ်းကျင်မှု ရှိရန်လိုပါကြောင်း၊ ရုံးလုပ်ငန်းနှင့် IT ကျွမ်းကျင်မှုရှိစေရန် ဝန်ကြီးဌာနအနေဖြင့် အခြေခံနှင့် အဆင့်မြင့်ကွန်ပျူတာ ကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိပါကြောင်း၊ အထူးသဖြင့် သစ်လွင်ဝန်ထမ်းများအတွက် IT နည်းပညာ သာမက ဘာသာရပ်ဆိုင်ရာကျွမ်းကျင်မှုရှိစေရန် သင်ကြားပေးလျက်ရှိပါကြောင်း၊ ထို့အတူ ဝန်ထမ်းများအနေဖြင့် အင်္ဂလိပ်စာကျွမ်းကျင်မှုရှိရန်လည်းလိုပါကြောင်း၊ ယခုကဲ့သို့ ပြန်လည် ရှင်းလင်းတင်ပြခြင်းဖြင့် Public Speaking Skill တိုးတက် လာစေမည်ဖြစ်ပါကြောင်း စသဖြင့်ပြောကြားခဲ့ပါသည်။



အဆိုပါ အတွေ့အကြုံရှင်းလင်းခြင်း အစီအစဉ်တွင် ထိုင်းနိုင်ငံ၌ Strengthening Disability - Inclusive Disaster Risk Reduction (DIDRR)in the ASEAN Region သင်တန်း တက်ရောက်ခဲ့သည့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး(၁)ဦး၊ ထိုင်းနိုင်ငံတွင် Ministry of Social Development and Human Security လက်အောက်ရှိ ဂေဟာများတွင် လက်ခံစောင့်ရှောက်ထားသော မြန်မာနိုင်ငံသား လူကုန်ကူးခံရသူများ ပြန်လည်ခေါ်ယူရေးအတွက် လိုအပ်သောလုပ်ငန်းစဉ်များ ဆောင်ရွက်ရန် သွားရောက်ရေးကိစ္စ ဆောင်ရွက်ခဲ့သည့် ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ အရာထမ်း(၂)ဦးနှင့် စင်ကာပူနိုင်ငံတွင် အာဆီယံအရေးပေါ်ဆက်သွယ်ရေး ကွန်ရက်နှင့် ဆက်သွယ်ရေးစနစ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ခဲ့သည့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ အရာထမ်း(၂)ဦးတို့က ဘာသာရပ်ဆိုင်ရာများ ရှင်းလင်းတင်ပြခဲ့ကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ၊ တက်ရောက်လာသောအရာထမ်း၊ အမှုထမ်းများက သိရှိလိုသည်များ ဆွေးနွေး မေးမြန်းခြင်း၊ အပြန်အလှန်အတွေ့အကြုံများမျှဝေခြင်းတို့ ပြုလုပ်ခဲ့ကြပါသည်။

အဆိုပါ ပြည်ပနိုင်ငံများတွင် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများ တက်ရောက်၍ ပြန်လည်ရောက်ရှိလာသော အရာထမ်းများ၏

အတွေ့အကြုံရှင်းလင်းခြင်း အစီအစဉ်ကို (၁၄-၃-၂၀၂၃) ရက်နေ့မှ (၁၅-၃-၂၀၂၃) ရက်နေ့အထိ နှစ်ရက်တာ ကျင်းပခဲ့ပါသည်။

## မြန်မာဘေးအန္တရာယ်တုံ့ပြန်ရေးအဖွဲ့သင်တန်း၊ အမှတ်စဉ်(၅) သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပခြင်း




**၂၀၂၃ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့** **နေပြည်တော်**

မြန်မာဘေးအန္တရာယ်တုံ့ပြန်ရေးအဖွဲ့ (MDRT) သင်တန်းအမှတ်စဉ်(၅) သင်တန်းဖွင့်ပွဲ အခမ်းအနားကို (၂၀-၃-၂၀၂၃)ရက်နေ့တွင် နေပြည်တော်ရှိ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာသက်သက်ခိုင်က အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် ယခုသင်တန်းသည် ပြည်ထောင်စု အဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်နေသည့် ဝန်ကြီးဌာနများအတွက် သဘာဝဘေးစီမံခန့်ခွဲမှုဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီအောက်တွင် ရှိသည့် လုပ်ငန်း ကော်မတီအသီးသီးတွင် တာဝန်ယူဆောင်ရွက်နေသည့် ဝန်ကြီးဌာန၊ ဦးစီးဌာနများမှ ကိုယ်စားလှယ်များကို အဓိက ဦးတည်လေ့ကျင့် သင်ကြားပေးခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် သဘာဝဘေးစီမံခန့်ခွဲရေးနှင့် အရေးပေါ်တုံ့ပြန်ရေးဆိုင်ရာ အာဆီယံသဘောတူစာချုပ် (ASEAN Agreement on Disaster Management and Emergency Response-AADMER) သဘောတူလက်မှတ်ရေးထိုးထားသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း၊ AADMER အရ အာဆီယံဒေသတွင်း သဘာဝဘေးအရေးပေါ် တုံ့ပြန်ရေးလုပ်ငန်းများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် အာဆီယံအရေးပေါ်တုံ့ပြန်ရေး

နှင့် ဆန်းစစ်လေ့လာရေးအဖွဲ့ (ASEAN-Emergency Response and Assessment Team- ASEAN-ERAT) ကို ၂၀၁၀ပြည့်နှစ်တွင် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။



ထို့အပြင် ဒေသတွင်းအဆင့်တွင် ဖွဲ့စည်းထားသော ASEAN-ERAT ကဲ့သို့ မြန်မာနိုင်ငံတွင် သဘာဝဘေး အန္တရာယ် ဖြစ်ပွားသည့်အခါ နိုင်ငံအဆင့် အရေးပေါ် တုံ့ပြန်ရေးလုပ်ငန်းများ ပိုမိုတိုးမြှင့် ဆောင်ရွက်နိုင်ရန်နှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုး တိုးတက်စေရန် မြန်မာ နိုင်ငံ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ AHA Centre တို့နှင့် ပူးပေါင်း၍ မြန်မာဘေးအန္တရာယ်တုံ့ပြန်ရေးအဖွဲ့ ဖွဲ့စည်း နိုင်ရေး ၂၀၂၀ ပြည့်နှစ်တွင် စတင် ဆောင်ရွက်ခဲ့ပါ ကြောင်း၊ ASEAN အဆင့်တွင် ရေးဆွဲထားသည့် ERAT သင်ရိုးညွှန်းတမ်းကို အခြေခံပြီး နိုင်ငံ၏ လုပ်ထုံးလုပ်နည်း များ၊ နိုင်ငံ၏ ဘေးအန္တရာယ်အခြေအနေနှင့် ကိုက်ညီသည့် (Myanmar Disaster Response Team -MDRT) သင်ရိုးညွှန်းတမ်းကို ရေးဆွဲခဲ့ပြီး မြန်မာဘေးအန္တရာယ် တုံ့ပြန်ရေး သင်တန်းအမှတ်စဉ်(၁)နဲ့ (၂)ကို ၂၀၂၁ခုနှစ်၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင် ရခိုင်ပြည်နယ် အတွင်းရှိ အရပ်ဘက် လူမှုအဖွဲ့အစည်း (၁၁)ခု၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန အပါအဝင် သဘာဝဘေး စီမံခန့်ခွဲမှု လုပ်ငန်းများ ဆောင်ရွက်နေသည့် အစိုးရဌာန (၁၄)ခုမှ သင်တန်းသား/ သူ (၇၇)ဦးဖြင့်လည်းကောင်း၊ သင်တန်း အမှတ်စဉ် (၃)နဲ့ (၄) ကို ၂၀၂၂ခုနှစ်၊ ဒီဇင်ဘာလနှင့် ၂၀၂၃ခုနှစ်၊ ဇန်နဝါရီလများတွင် ကချင်ပြည်နယ် အတွင်းရှိအရပ်ဘက်လူမှုအဖွဲ့အစည်း(၁၀)ခု၊ဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန အပါအဝင် သဘာဝဘေး စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်နေသည့် အစိုးရဌာန (၄) ခုမှ သင်တန်းသား/သူ (၅၂) ဦးဖြင့် လည်းကောင်း ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ ယခု သင်တန်း အပတ်စဉ်၌ ဆွေးနွေးပို့ချမည့် သင်ခန်းစာများတွင် ၂၀၂၂ ခုနှစ်၊ ဇူလိုင်လက ရေးဆွဲထုတ်ပြန်ခဲ့သည့် သဘာဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှု တည်မြဲအမိန့်နှင့်စပ်လျဉ်း၍ ရှင်းလင်း ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။



အဆိုပါ သဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု တည်မြဲအမိန့်ကို အခြေပြုပြီး လုပ်ငန်းကော်မတီ (၁၂)ခု ပါဝင်သည့် ဇာတ်တိုက် လေ့ကျင့်ခန်းများကို မကြာမီ ကာလအတွင်း အဆင့်လိုက် ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း၊ သင်တန်း တက်ရောက်ထားသည့် မြန်မာဘေး အန္တရာယ်တုံ့ပြန်ရေးအဖွဲ့ အနေဖြင့် ပြည်တွင်း၌ သဘာဝ ဘေးအန္တရာယ်များ ဖြစ်ပွားလာပါက ဘေးတုံ့ပြန်ရေး လုပ်ငန်းများ၊ ဆန်းစစ်လေ့လာရေးလုပ်ငန်းများနှင့် ညှိနှိုင်း ပေါင်းစပ်မှုလုပ်ငန်းများဆောင်ရွက်သည့် နေရာများတွင် နိုင်ငံ၏ အရေးပါသည့် အဖွဲ့ဖြစ်လာစေရန် မျှော်မှန်းထား ပါကြောင်း၊ သင်တန်းသားများအနေဖြင့် သင်တန်း ပြီးမြောက်သွားသည့်အခါတွင် သဘာဝဘေး တုံ့ပြန်ရေး

အဖွဲ့ဝင်များ ဖြစ်လာမှာဖြစ်သည့်အတွက် ယခင်သင်တန်း တက်ရောက်ထားသည့် **MDRT**အဖွဲ့ဝင်များ၊ဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ လက်တွဲ၍ နောင်သဘာဝဘေးတုံ့ပြန်ရေး လုပ်ငန်းများ တွင် ပူးပေါင်းပါဝင်လုပ်ဆောင်ပေးကြရန် တိုက်တွန်းလိုပါ ကြောင်း ပြောကြားခဲ့ပါသည်။

မြန်မာဘေးအန္တရာယ်တုံ့ပြန်ရေးအဖွဲ့ သင်တန်း အမှတ်စဉ်(၅) ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊အမြဲတမ်းအတွင်းဝန်၊ညွှန်ကြားရေးမှူးချုပ် များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူ များ၊ နည်းပြများ၊ အမျိုးသားသဘာဝဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီအောက်တွင်ရှိသည့် လုပ်ငန်း ကော်မတီအသီးသီးတွင် တာဝန်ယူ ဆောင်ရွက်နေကြ သည့် ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများမှ သင်တန်းသား ကိုယ်စားလှယ်များ အပါအဝင် စုစုပေါင်းသင်တန်းသား (၃၀)ဦးက လူကိုယ်တိုင် တက်ရောက်ခဲ့ကြပါသည်။



အဆိုပါ မြန်မာဘေးအန္တရာယ်တုံ့ပြန်ရေးအဖွဲ့ သင်တန်းကို (၂၀-၃-၂၀၂၃)ရက်နေ့မှ (၂၅-၃-၂၀၂၃) ရက် နေ့အထိ သင်တန်းကာလ(၆)ရက်ကြာ ဖွင့်လှစ်ခဲ့ပါသည်။

## မသန်စွမ်းစာရင်းများအား Disabled Management Information System (DMIS) Software တွင် ရေးသွင်းနည်း Online သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပခြင်း




**၂၀၂၃ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့ နေပြည်တော်**

မသန်စွမ်းစာရင်းများအား Disabled Management Information System (DMIS) Software တွင် ရေးသွင်း နည်း Online သင်တန်းဖွင့်ပွဲအခမ်းအနားကို(၂၈-၃-၂၀၂၃) ရက်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမတွင် Hybird ပုံစံဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။



ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဦးဆောင်၍ (၂၅.၁၀.၂၀၂၂) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် မသန်စွမ်းသူများ၏ အခွင့်အရေးများ ဆိုင်ရာ အမျိုးသားကော်မတီ၏ (၂/၂၀၂၂) အစည်းအဝေး တွင် "၂၀၂၄ ခုနှစ်၊ သန်းခေါင် စာရင်းကောက်ယူရာတွင် မသန်စွမ်းသူမှတ်ပုံတင်ခြင်းလုပ်ငန်းကို အထောက်အကူ ပြုစေသည့် အချက်များကို ထည့်သွင်းကောက်ယူ ဆောင်ရွက်ပေးနိုင်ရေး" ဆောင်ရွက်ရန် လမ်းညွှန်မှုအရ မိမိတို့ဝန်ကြီး ဌာနအနေဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ် ရေး ဝန်ကြီးဌာနတို့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ပကြောင်း၊ အဆိုပါ လမ်းညွှန်ချက်အရ မြေပြင်ကွင်းဆင်းစာရင်း ကောက်ယူရေးအဖွဲ့မှ အိမ်တိုင်ရာရောက် စာရင်း ကောက်ယူရာတွင် မသန်စွမ်း(၅)မျိုးဖြစ်သည့် "ကိုယ်ခန္ဓာ၊ အမြင်၊အကြား၊ ဉာဏ်ရည်၊ စိတ်ပိုင်း" စာရင်းကိုပါ တစ်ပါတည်း ကောက်ယူပေးခဲ့ပါကြောင်း၊ ယနေ့အထိ မသန်စွမ်းသူ (၂၀၇၇၉၄)ဦး စာရင်းအား လွှဲပြောင်းလက်ခံ ရရှိပြီး ဖြစ်ပါကြောင်း၊ အဆိုပါ သတင်းအချက်အလက် များကို စာရင်းရေးသွင်းနိုင်ရေးအတွက် တပ်မတော် သတင်းနည်းပညာဌာနမှ (DMIS) Software ကို ရေးဆွဲ ပေးခဲ့ပါကြောင်း၊ အဆိုပါ (DMIS)Software တွင် မသန်စွမ်းသူများ၏အချက်အလက်များ ရေးသွင်းနိုင်ရေး အတွက် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်လူမှုဝန်ထမ်းရုံးများမှ ဝန်ထမ်း (၁၂၆)ဦးတို့အား Online ဖြင့် (၂၈.၃.၂၀၂၃)ရက်နေ့မှ (၃၁.၃.၂၀၂၃) ရက်နေ့အထိ (၄)ကြိမ်ခွဲ၍ သင်တန်းဖွင့်လှစ် သွားမည် ဖြစ်ပါကြောင်း၊ မသန်စွမ်းအချက်အလက်များကို ရေးသွင်းခြင်းဖြင့် မြန်မာတစ်နိုင်ငံလုံးရှိ မသန်စွမ်းမှု (၅)မျိုး၏ လူဦးရေစာရင်း အားတိကျစွာခွဲခြား သိရှိနိုင်ပြီး၊ မသန်စွမ်းမှုဆိုင်ရာမူဝါဒများ၊ စီမံကိန်းများရေးဆွဲ ဆောင်ရွက်ရာတွင်လည်းကောင်း၊ မသန်စွမ်းမှတ်ပုံတင် ခြင်း၊ မသန်စွမ်းမှုဆိုင်ရာအထောက်အပံ့၊ အခြားသော ဝန်ဆောင်မှုပေးခြင်းများအပြင် DMIS စနစ်အား အသုံးပြု ခြင်းဖြင့် Digital Platform အား တွင်ကျယ်စွာ အသုံးပြု နိုင်ခြင်းစသည့် အကျိုးကျေးဇူးများကိုရရှိမည်ဖြစ်ပါ ကြောင်း ပြောကြားခဲ့ပါသည်။



ထို့နောက် တပ်မတော် သတင်းနည်းပညာဌာန၊ ဌာနမှူးမှ DMIS Software ရေးသွင်းခြင်း နှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ပါသည်။








## မြန်မာဘေးအန္တရာယ်တုံ့ပြန်ရေးအဖွဲ့သင်တန်း အမှတ်စဉ်(၆) ဖွင့်ပွဲကျင်းပခြင်း



**၂၀၂၃ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့** **နေပြည်တော်**

မြန်မာဘေးအန္တရာယ် တုံ့ပြန်ရေးအဖွဲ့သင်တန်း အမှတ်စဉ်(၆) ဖွင့်ပွဲအခမ်းအနားကို (၂၈-၃-၂၀၂၃) ရက်နေ့တွင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။



ပြည်ထောင်စုဝန်ကြီးက ယခုသင်တန်းသည် ပြည်ထောင်စုအဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်နေသည့် ဝန်ကြီးဌာနများအတွက် သဘာဝဘေးစီမံခန့်ခွဲမှုဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးနှင့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာပါက မြန်မာဘေးအန္တရာယ်တုံ့ပြန်ရေးအဖွဲ့အနေဖြင့် အချိန်နှင့်တပြေးညီ ပူးပေါင်းတုံ့ပြန် ဆောင်ရွက်နိုင်ရေး ရည်ရွယ် ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီအောက်တွင်ရှိသည့် လုပ်ငန်းကော်မတီ အသီးသီးတွင် တာဝန်ယူဆောင်ရွက်နေသည့် ဝန်ကြီးဌာနများရှိ ဦးစီးဌာနများမှ ကိုယ်စားလှယ်များကို အဓိကဦးတည်လေ့ကျင့်သင်ကြားပေးခြင်း ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ ဘေးအန္တရာယ်များကြောင့် ထိခိုက်ဆုံးရှုံးမှုများ လျော့နည်းသက်သာစေရေး သက်ဆိုင်ရာတာဝန်ရှိသူများနှင့် အရှိန်အဟုန်မြင့် ပေါင်းစပ် ဆောင်ရွက်လျက် ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် ဘေးအန္တရာယ်များဖြစ်ပွားလာပါက

အရေးပေါ် တုံ့ပြန်ရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရေး ကြိုတင်ပြင်ဆင်ခြင်းအနေဖြင့် မြန်မာဘေးအန္တရာယ်တုံ့ပြန်ရေးအဖွဲ့ ဖွဲ့စည်းကာ ၂၀၂၁ ခုနှစ်မှစ၍ သင်တန်းများ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ယခုသင်တန်းသည် ဆဋ္ဌမအကြိမ်မြောက် ဖွင့်လှစ်ခြင်းဖြစ်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် စတင်ညှိနှိုင်းချိန်မှ ယနေ့အချိန်ထိ နည်းပြသင်တန်း (၁)ကြိမ်၊ မြန်မာဘေးအန္တရာယ် တုံ့ပြန်ရေးအဖွဲ့ သင်တန်း(၅)ကြိမ်ဆောင်ရွက်နိုင်ခဲ့ပြီးမြန်မာဘေးအန္တရာယ် တုံ့ပြန်ရေးအဖွဲ့ဝင် စုစုပေါင်း (၁၅၉)ဦးအထိ မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။



ယခုသင်တန်း အပတ်စဉ်၌ ဆွေးနွေးပို့ချမည့်သင်ခန်းစာများတွင် ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ က ရေးဆွဲထုတ်ပြန်ခဲ့သည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု တည်မြဲအမိန့်နှင့်စပ်လျဉ်း၍ ရှင်းလင်း ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ အဆိုပါ တည်မြဲအမိန့်ကို အခြေပြု၍ လုပ်ငန်းကော်မတီ (၁၂) ခု ပါဝင်သည့် ဇာတ်တိုက်လေ့ကျင့်ခန်းများကို မကြာမီကာလအတွင်း အဆင့်လိုက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာဘေးအန္တရာယ်တုံ့ပြန်ရေးအဖွဲ့အနေဖြင့် ပြည်တွင်း၌ သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာပါက ဘေးတုံ့ပြန်ရေးလုပ်ငန်းများ၊ဆန်းစစ်လေ့လာရေးလုပ်ငန်းများနှင့် ညှိနှိုင်းပေါင်းစပ်မှု လုပ်ငန်းများ ဆောင်ရွက်သည့် နေရာများတွင် နိုင်ငံ၏အရေးပါသည့် အဖွဲ့ဖြစ်လာစေရန် မျှော်မှန်းထားသည့်အတွက် ယခုသင်တန်း တက်ရောက် ထားသည့် **MDRT** အဖွဲ့ဝင်များ၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများနှင့် အတူလက်တွဲ၍ နောင်သဘာဝဘေး တုံ့ပြန်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်လုပ်ဆောင်ပေးကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားခဲ့ပါသည်။



ဆက်လက်၍ AHA Centre ၏ ဒုတိယအလုပ်အမှုဆောင်ညွှန်ကြားရေးမှူးက မြန်မာဘေးအန္တရာယ်တုံ့ပြန်ရေးအဖွဲ့ သင်တန်းများ ဖွင့်လှစ်ခြင်း၏ နောက်ခံအကြောင်းအရင်းနှင့် ရည်ရွယ်ချက်များအား ရှင်းလင်းခဲ့ပြီး မြန်မာနိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုကဲ့သို့ သင်တန်းများ ဖွင့်လှစ်နိုင်ခြင်းကို အားပေးဂုဏ်ယူဝမ်းမြောက်ပါကြောင်းပြောကြားခဲ့ပါသည်။



မြန်မာဘေးအန္တရာယ်တုံ့ပြန်ရေးအဖွဲ့ သင်တန်းအမှတ်စဉ်(၆) ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊အမြဲတမ်းအတွင်းဝန်၊ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ နည်းပြများ၊ အမျိုးသားသဘာဝဘေးအန္တရာယ်

ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ အောက်တွင်ရှိသည့် လုပ်ငန်းကော်မတီ အသီးသီးတွင် တာဝန်ယူဆောင်ရွက်နေကြသည့် ဝန်ကြီးဌာန များရှိ ဦးစီးဌာန(၁၅)ခုမှ သင်တန်းသားစုစုပေါင်း(၃၁)ဦးတို့က လူကိုယ်တိုင်တက်ရောက်ကြပါသည်။ AHA Centre မှ Deputy Executive Director Mr. Krishna Putra Tanaja နှင့် တာဝန်ရှိသူများက Online မှ တက်ရောက်ခဲ့ကြပါသည်။

## Leadership, Communication Skills, and Project Cycle Management မွမ်းမံသင်တန်း ဖွင့်လှစ်ခြင်း




**၂၀၂၃ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့ နေပြည်တော်**

Leadership, Communication Skills, and Project Cycle Management မွမ်းမံသင်တန်း ဖွင့်လှစ်ခြင်း အခမ်းအနားကို (၁၀-၃-၂၀၂၃) ရက်နေ့တွင် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ စုပေါင်းခန်းမ၌ ကျင်းပပြုလုပ်ရာ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ပြည်ထောင်စုဝန်ကြီး၊ဒေါက်တာသက်သက်ခိုင် အဖွင့်အမှာ စကား ပြောကြားခဲ့ပါသည်။


ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားတွင် ဝန်ထမ်းများအနေဖြင့် သက်ဆိုင်ရာအဖွဲ့အစည်း၏လုပ်ငန်းတာဝန်များ ပြည့်မီစေရန် လိုအပ်သော ကျွမ်းကျင်မှုတို့ကို အလုပ်ခွင်တွင် လည်းကောင်း၊ သင်ခန်းစာများ လေ့လာသင်ယူခြင်းဖြင့်လည်းကောင်း တတ်မြောက်နိုင်ကြောင်း၊ ဝန်ထမ်းတစ်ဦးချင်း၏ ခံယူချက်(Attitude)၊ ကျွမ်းကျင်မှု (Skill)၊ အသိအမြင် ဗဟုသုတ (Knowledge) တို့သည် အရေးကြီးကြောင်း၊မိမိလုပ်ငန်းတာဝန်တို့ကိုစိတ်စေတနာကောင်းစွာဖြင့် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဗြဟ္မာစိုရ် တရား(၄)ပါးနှင့်အညီ မိမိ၏အထက်၊ အောက်အဆင့်ဝန်ထမ်းတို့ကို ပြောဆိုဆက်ဆံရန် အရေးကြီးကြောင်း၊ လူမှုဝန်ထမ်းသမားတို့၏ စိတ်ထားမျိုးထားရှိရန်လည်း လိုအပ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းဆိုင်ရာ သဘောတရားနားလည်ခြင်း၊ ချိုင့်သုံးသပ်နိုင်စွမ်းရှိခြင်း၊ ကြိုးစားအားထုတ်မှုနှင့် လေ့လာသင်ယူနိုင်မှုစသည့် Conceptual Skill ကွန်ပျူတာ၊ အင်္ဂလိပ်ဘာသာနှင့် မြန်မာဘာသာ စကားကျွမ်းကျင်ပိုင်နိုင်ခြင်း စသည့် Technical Skill၊ မိမိ၏ လုပ်ဖော်ကိုင်ဖက်အပေါ် နားလည်ခြင်း၊ မိမိအလုပ်ကို လေးစားတန်ဖိုးထားခြင်း၊

အထက်အောက်အပြန်အလှန် လေးစားခြင်း၊ ဖေးမကူညီခြင်းစသည့် Human Skill တို့ရှိရန် အရေးကြီးကြောင်း၊ အသိပညာဗဟုသုတသည် အလွန်ကျယ်ပြန့်ပြီး သဘာဝ သယံဇာတ အရင်းအမြစ်မရှိသည့် ဖွံ့ဖြိုးသောနိုင်ငံတို့တွင် အသိပညာ အခြေပြု စီးပွားရေးကို (Knowledge Based Economy) တည်ဆောက်ကြကြောင်း၊ လူတစ်ဦး၊ တစ်ယောက်ချင်း၏ အသုံးဝင်မှုကို အသုံးပြုပြီး နိုင်ငံတော်ကို မြှင့်တင်ရန် လိုအပ်ကြောင်း၊ ထို့ကြောင့် ဆက်စပ်ပညာရပ်တို့ကို လိုလိုလားလားဖြင့် သင်ယူဆည်းပူးရမည်ဖြစ်ပါကြောင်း၊ လေ့လာသင်ယူသိရှိရသည့် ပညာရပ်တို့ကိုလည်း ဆင့်ပွားလေ့လာရမည်ဖြစ်ပါကြောင်း၊ ခေါင်းဆောင်မှုတွင် မိမိအကျိုးစီးပွား (Self-Centered) ကို ဦးတည်ဆောင်ရွက်တာမျိုးကို ရှောင်ရှား ရန်လိုအပ်ကြောင်း၊ မိမိအဖွဲ့အစည်း၏ အကျိုးစီးပွား၊ ဖွံ့ဖြိုးတိုးတက်မှုကို အဓိကထား ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ယနေ့ဖွင့်လှစ်သည့် Leadership၊ Communication Skills နှင့် Project Cycle Management မွမ်းမံသင်တန်းကို ဆရာဖြစ်သင်တန်း တက်ရောက်ပြီးသည့် အရာထမ်း၊ အမှုထမ်းတို့အတွက် (၂) ရက်တာ ဖွင့်လှစ်ပို့ချခဲ့ပါသည်။

**အာဆီယံအစိုးရချင်းဆိုင်ရာလူ့အခွင့်အရေးကော်မရှင်(AICHR) အာဆီယံအမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေးဆိုင်ရာကော်မရှင်(ACWC)တို့၏ စုံညီအစည်းအဝေး(AICHR and ACWC Interface Meeting)နှင့် (၂၆)ကြိမ်မြောက် အာဆီယံ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးနှင့်မြှင့်တင်ရေးဆိုင်ရာ ကော်မရှင်အစည်းအဝေး (26th ACWC Meeting)တို့သို့ လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ ဥက္ကဋ္ဌတို့မှ Virtual Conferencing ဖြင့် တက်ရောက်ခြင်း**

**၂၀၂၃ ခုနှစ်၊ မတ်လ ၁ ရက်နေ့ နေပြည်တော်**



အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ AICHR Indonesia နှင့် ACWC Indonesia တို့မှ ကြီးမှူး၍ (၁.၃.၂၀၂၃) ရက်နေ့၊ နံနက်ပိုင်းတွင် အာဆီယံ အစိုးရချင်းဆိုင်ရာ ကော်မရှင်အစည်းအဝေး (26th ACWC Meeting) အားလည်းကောင်း Hybrid စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့ရာ အာဆီယံ ကလေးသူငယ်အခွင့်အရေး ကိုယ်စားလှယ်ဖြစ်သူ လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ လူ့အခွင့်အရေး ကော်မရှင် (AICHR) အာဆီယံအမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးနှင့်မြှင့်တင်ရေးဆိုင်ရာကော်မရှင်(ACWC)တို့၏ စုံညီအစည်းအဝေး(AICHR and ACWC Interface Meeting)အားလည်းကောင်း၊ (၁.၃.၂၀၂၃) ရက်နေ့၊ နေ့လယ်ပိုင်းမှ (၂.၃.၂၀၂၃)ရက်နေ့အထိ(၂၆)ကြိမ်မြောက် အာဆီယံအမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေးဆိုင်ရာ အာဆီယံ အမျိုးသမီးအခွင့် အရေးကိုယ်စားလှယ်ဖြစ်သူ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ ဥက္ကဋ္ဌ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာဘာသာရပ်တာဝန်ခံများ တက်ရောက်ခဲ့ပါသည်။




အစည်းအဝေးတွင် အာဆီယံအမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး နှင့်မြှင့်တင်ရေးကော်မရှင်(ACWC)၏ ကလေးသူငယ် အခွင့်အရေးကိုယ်စားလှယ်များနှင့် အမျိုးသမီးအခွင့်အရေး ကိုယ်စားလှယ်များ၏သက်တမ်းတိုးမြှင့်ရေးကိစ္စရပ်များ၊ အာဆီယံဒေသဆိုင်ရာ အမျိုးသမီးများအပေါ်အကြမ်းဖက်မှု ပပျောက်ရေးလုပ်ငန်းရပ်များ၊ အာဆီယံဒေသဆိုင်ရာ ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုပပျောက်ရေး လုပ်ငန်းရပ်များ၊ ASEAN Gender Mainstreaming Strategic Framework အကောင်အထည်ဖော် ဆောင်ရွက်မှုများနှင့် ACWC Work Plan(2021-2025)တွင် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းအခြေအနေများအား ဆွေးနွေးခဲ့ကြပါသည်။ ACWC Myanmar အနေဖြင့် ACWC Work Plan(2021-2025)တွင် အဆိုပြု စီမံကိန်း ဖြစ်သည့် Capacity Building on Implementation of Regional Plan of Action for the Protection of Children from All Forms of Online Exploitation and Abuse (RPA COEA) စီမံကိန်းပြီးစီးမှုအခြေအနေများအား ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

## ၂၀၂၃ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပခြင်း




**၂၀၂၃ ခုနှစ်၊ မတ်လ ၈ ရက်နေ့ နေပြည်တော်**

၂၀၂၃ခုနှစ်၊ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများ နေ့ အထိမ်းအမှတ်အခမ်းအနားကို မြန်မာနိုင်ငံလုံး ဆိုင်ရာ အမျိုးသမီးကော်မတီက ဦးဆောင်၍ (၈-၃-၂၀၂၃) ရက်နေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည် ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ ဂုဏ်ထူးဆောင် နာယကများဖြစ်သော ဒေါ်ခင်သက်ဌေးနှင့် ဒေါ်သန်းသန်းနွယ်၊ နိုင်ငံတော်

စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး၏ ဇနီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်နှင့်ကောင်စီဝင်များ၏ ဇနီးများ၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ၏ ဇနီးများ၊ အထူးဖိတ်ကြားထားသူများ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၏ဇနီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၏ ဇနီး၊ ပြည်ထောင်စုတရား လွှတ်တော်ချုပ် တရားသူကြီး၊ ဒုတိယဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၏ဇနီးများ၊ ဒုတိယစာရင်းစစ်ချုပ်ကြီး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်အဖွဲ့ဝင်၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ အမျိုးသမီးအဖွဲ့ဝင်၊ နေပြည်တော်ကောင်စီဝင်နှင့် ဇနီး၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ဇနီး၊ အမြဲတမ်းအတွင်းဝန်၊မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီဝင်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။



ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ၂၀၂၃ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့တဲ့ အဖွင့်မိန့်ခွန်း Video Message ကို ပြသခဲ့ပါသည်။

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က အမျိုးသမီးများ ဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဆောင်ရွက်ချက်များကိုရှင်းလင်းတင်ပြခဲ့ပါသည်။



ယင်းနောက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံမှ ပေးပို့လာသည့် သဝဏ်လွှာကို မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေးက ဖတ်ကြားခဲ့ပါသည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဂုဏ်ထူးဆောင် နာယက ဒေါ်ခင်သက်ဌေးက မြန်မာနိုင်ငံအမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ပေးလျက်ရှိသော မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့အားလည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ဂုဏ်ထူးဆောင်နာယက ဒေါ်သန်းသန်းနွယ်က မြန်မာနိုင်ငံ အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ပေးလျက်ရှိသော မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ်တို့အား ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ပါသည်။

ဆက်လက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက လူမှုဝန်ထမ်းဦးစီးဌာနက ရေးဆွဲပြုစုထားသည့်အကြမ်းဖက်ခံရသူ အမျိုးသမီးများအတွက် လုံခြုံမှုပေးနိုင်သော ယာယီ

နားခိုရာစင်တာ စီမံခန့်ခွဲမှုလုပ်ငန်းလမ်းညွှန် စာအုပ်အား နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်များ ကိုယ်စား ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် အမျိုးသမီးကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့အား ပေးအပ်ခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ပါသည်။

## အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနား



**၂၀၂၃ ခုနှစ် မတ် ၈ ရက်နေ့ စစ်ကိုင်းတိုင်း**

အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ ချင်းတွင်းခန်းမတွင် (၈.၃.၂၀၂၃) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ရာ စုစုပေါင်း (၁၀၀) ဦး တက်ရောက်ခဲ့ပါသည်။ ထိုအခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၊ ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းရင်းသားရေးရာဝန်ကြီးက ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံမှ ပေးပို့သည့်သဝဏ်လွှာကို ဖတ်ကြားတင်ပြပြီးနောက် စစ်ကိုင်းတိုင်းဒေသကြီးအမျိုးသမီးကော်မတီ၏၂၀၂၂ခုနှစ်အတွင်းဆောင်ရွက်ခဲ့သော လုပ်ငန်းဆောင်ရွက်ချက်များနှင့် အမျိုးသမီးငယ်များနှင့်ပတ်သက်သော Video Clip ကိုလည်း ပြသခဲ့ပါသည်။



**၂၀၂၃ ခုနှစ် မတ် ၈ ရက်နေ့ မွန်ပြည်နယ်**

ဆက်လက်ပြီး အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အခမ်းအနားကို (၈.၃.၂၀၂၃) ရက်နေ့၊ မွန်းလွဲ (၁၃:၀၀) နာရီ အချိန်တွင် မော်လမြိုင်မြို့၊ ပြည်နယ်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အခမ်းအနားတွင် မွန်ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး မော်လမြိုင်မြို့၊ အမှတ် (၃) မူလတန်းကြိုကျောင်းမှ သားငယ်/ သမီးငယ်လေးများက **"ဘွန္တော"** တေးသီချင်းဖြင့် တေးသရုပ်ဖော် ဖျော်ဖြေတင်ဆက်ခြင်း၊ မော်လမြိုင်လူငယ်သင်တန်းကျောင်းမှ **"စိတ်မညစ်နဲ့"** တေးသီချင်းကို ကိုယ်တိုင်တီးခတ်ဖျော်ဖြေတင်ဆက်ခြင်းနှင့်**"ဗိုဗီနမ်သိုင်း"** ဖြင့် သရုပ်ပြသပြီး အခမ်းအနားကို မွန်းလွဲ (၁၃:၄၅) နာရီတွင် ရုပ်သိမ်းခဲ့ပါသည်။ အခမ်းအနားအပြီးတွင် မွန်ပြည်နယ် ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များက ခန်းမအတွင်း ခင်းကျင်းပြသထားသော အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းနှင့် အကြမ်းဖက်ခံရသော အမျိုးသမီးများအား တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့် စင်တာ(OSWSC)မှ အမျိုးသမီးငယ်များ၏ထုတ်ကုန်များပြသထားမှု၊ ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့တို့မှ ခင်းကျင်း ပြသထားသော မှတ်တမ်းများ လှည့်လည်ကြည့်ရှုပြီး ပြခန်းတာဝန်ခံများအား အားပေးစကားများ ပြောကြားခဲ့ပါသည်။

အဆိုပါ အခမ်းအနားသို့ မွန်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဇနီး

များ၊ ပြည်နယ်အမျိုးသမီးကော်မတီဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးလုပ်ငန်းများ ဆောင်ရွက်နေသော ပြည်တွင်း/ ပြည်ပ လူမှုရေး အဖွဲ့အစည်းများ၊ သူနာပြုတက္ကသိုလ်မှ သင်တန်းသား/သူများ၊ လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းမှ ကျောင်းသူများ၊ မော်လမြိုင်လူငယ်သင်တန်းကျောင်း မှ ကျောင်းသားများ စုစုပေါင်း အင်အား (၂၅၀) ဦး တက်ရောက်ခဲ့ကြပါသည်။




**၂၀၂၃ ခုနှစ် မတ် ၈ ရက်နေ့ ပဲခူးတိုင်း**

ပဲခူးမြို့၊ မြို့တော်ခန်းမတွင် မတ်လ (၈)ရက်နေ့ နံနက်ပိုင်းက အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပပြုလုပ်ရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက် ချီးမြှင့်ပြီး အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ် နိုင်ငံတော်အဆင့် အလွတ်တန်းဆောင်းပါး ပြိုင်ပွဲတွင် အထူးဆုရရှိသော ပဲခူးတိုင်းဒေသကြီးမှ စာရေးဆရာ ဦးထိန်လင်း (လင်းအရဏ်ဦး) အား တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းမှ ဂုဏ်ပြုချီးမြှင့်ငွေ (၃) သိန်းနှင့် လူမှုဝန်ထမ်းဦးစီးဌာနမှ ဂုဏ်ပြုချီးမြှင့်ငွေ (၁) သိန်း (၅) သောင်းကျပ်တို့အား ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆိုင်သော Video Clip ပြသခြင်း၊ ပဲခူးတိုင်းဒေသကြီးအမျိုးသမီးအားကစားအဖွဲ့က Zumba Dance အကဖြင့် ဖျော်ဖြေခြင်းများ ဆောင်ရွက်ခဲ့ပြီး စုစုပေါင်း (၁၇၀) ဦး တက်ရောက်ခဲ့ကြပါသည်။တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်လွင်လွင်အေးကျော်မှ ဖျော်ဖြေတင်ဆက်သူများအား ဂုဏ်ပြုဆုငွေနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ခဲ့ကာ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ် ပြခန်းအား ကြည့်ရှုခဲ့ကြသည်။



**၂၀၂၃ ခုနှစ် မတ် ၈ ရက်နေ့ ရန်ကုန်**

ဆက်လက်ပြီး အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အခမ်းအနား ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးကော်မတီမှကြီးမှူး၍ မတ်လ(၈)ရက်နေ့တွင်ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ မင်္ဂလာခန်းမတွင် ကျင်းပပြုလုပ်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး စုစုပေါင်း (၃၆၅) ဦး တက်ရောက်ခဲ့ကြပါသည်။ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းမှ အဖွင့်အမှာစကားပြောကြားပြီး၊ ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်ထံမှ ပေးပို့သည့် သဝဏ်လွှာ အား Video Clip ပြသခြင်း၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု Video Clip ပြသခြင်း၊ အမှတ် (၁) မူလတန်းကြိုကျောင်းမှ ရင်သွေးငယ်လေးများမှတင်ဆက်ကပြခြင်း၊ အမျိုးသမီးကလေးများ သင်တန်းကျောင်း (ရန်ကုန်)မှ သမီးပျိုလေးများ၏အကနှင့် မြန်မာ့သိုင်းသရုပ်ပြတင်ဆက်ခြင်း၊ မြန်မာနိုင်ငံအမျိုးသမီး အားကစား

အဖွဲ့ချုပ်မှ Fitness Dance များဖြင့် တင်ဆက်ကပြခဲ့ကြပါသည်။

ထို့နောက်အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် အခြေခံပညာ မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိခဲ့သော ကျောင်းသား/သူများအားလည်းကောင်း၊ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် အရှေ့တောင်အာရှ မသန်စွမ်းအားကစားပြိုင်ပွဲများတွင် ရန်ကုန်တိုင်းဒေသကြီးမှ နိုင်ငံဂုဏ်ဆောင်ဆုတံဆိပ်များရရှိခဲ့ကြသောအမျိုးသမီးများအားလည်းကောင်း၊ ဖျော်ဖြေရေးအစီအစဉ်တွင် ပါဝင်သည့် အဖွဲ့များအားလည်းကောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့်ဇနီး၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ တက်ရောက်လာကြတဲ့ ဝန်ကြီးများနှင့်ဇနီးများ၊ တာဝန်ရှိသူတို့မှ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုများ အသီးသီးချီးမြှင့်ခဲ့ပါသည်။



ထို့နောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် ၂၀၂၃ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ ဓါတ်ပုံပြခန်းနှင့် လူမှုဝန်ထမ်းဦးစီးဌာန၊ အမျိုးသမီးကျောင်းများမှ ထွက်ကုန်ပစ္စည်းများအား လှည့်လည်ကြည့်ရှု အားပေးခဲ့ကြပါသည်။

## ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး

**၂၀၂၃ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့** **စစ်ကိုင်းတိုင်း**



စစ်ကိုင်းတိုင်းဒေသကြီး ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းကြီးကြပ်ရေးအဖွဲ့လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို (၂၁.၃.၂၀၂၃) ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ လူမှုဝန်ထမ်းရုံး အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ရာ ကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ပါ သည်။ ထိုအခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ ကော်မတီဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားပြီး အတွင်းရေးမှူးဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများနှင့်ရှေ့ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေး တင်ပြခဲ့ပါသည်။

ထို့နောက် တက်ရောက်လာသော ကော်မတီအဖွဲ့ဝင်များက စစ်ကိုင်းတိုင်းဒေသကြီးရှေးဦးအရွယ်ကလေး

သူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာ အကြောင်းများကို အသီးသီး ဆွေးနွေးပြောကြားပြီး ကော်မတီ ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ပါသည်။

## မော်လမြိုင်ခရိုင်အမျိုးသမီးကော်မတီအစည်းအဝေးကျင်းပခြင်း

**၂၀၂၃ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့** **မွန်ပြည်နယ်**



မွန်ပြည်နယ်၊မော်လမြိုင်ခရိုင်အမျိုးသမီးကော်မတီ အစည်းအဝေးကို (၁၅-၃-၂၀၂၃) ရက်နေ့တွင် မွန်ပြည်နယ် လူမှုဝန်ထမ်းရုံး၊ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပါသည်။ အဆိုပါ အစည်းအဝေးတွင် မော်လမြိုင်ခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးက အမှာစကား ပြောကြားပြီး မော်လမြိုင်ခရိုင်အမျိုးသမီး ကော်မတီ အတွင်းရေးမှူးက ကော်မတီဖွဲ့စည်းမှု အခြေအနေ၊ ကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်း ဆွေးနွေးခဲ့ပါသည်။ ဆက်လက်ပြီး တက်ရောက်လာသော ကော်မတီဝင်များက အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်စပ်၍ မိမိတို့ လက်ရှိဆောင်ရွက်နေသော လုပ်ငန်း များနှင့် ကော်မတီအနေဖြင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ မြို့နယ်အမျိုးသမီးကော်မတီများအတွက် Meeting SOP တို့ကို အကြံပြုဆွေးနွေးခဲ့ကြပါသည်။ အစည်းအဝေးသို့ မော်လမြိုင်ခရိုင်အမျိုးသမီးကော်မတီဝင် များနှင့် ပြည်နယ် လူမှုဝန်ထမ်းရုံးမှ တာဝန်ရှိသူများ စုစုပေါင်း (၂၀) ဦးခန့် တက်ရောက်ခဲ့ကြပါသည်။

## အိမ်တွင်သက်မွေးလုပ်ငန်းပညာသင်ကျောင်း(ရန်ကုန်)အပတ်စဉ်(၈/၂၀၂၃)သင်တန်းဆင်းပွဲအခမ်းအနားကျင်းပခြင်း

**၂၀၂၃ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့** **မွန်ပြည်နယ်**



လူမှုဝန်ထမ်းဦးစီးဌာန၊ အိမ်တွင်းမှုသက်မွေး လုပ်ငန်း ပညာသင်ကျောင်း (ရန်ကုန်) ၏ အပတ်စဉ် (၈/၂၀၂၂) သင်တန်းဆင်းပွဲအခမ်းအနားကို (၃၁.၃.၂၀၂၃) ရက်နေ့ နံနက်(၀၈:၃၀) နာရီအချိန်တွင် ရန်ကုန်မြို့၊ အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်း သင်တန်း ခန်းမတွင် ကျင်းပပြုလုပ်ခဲ့ရာအခမ်းအနားသို့ ရန်ကုန်တိုင်း ဒေသကြီး အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး၊ ကမာရွတ်ခရိုင် အုပ်ချုပ်ရေးမှူး၊ ကမာရွတ်ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နီနီအေး၊ ဗဟန်းမြို့နယ် အုပ်ချုပ်ရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနရုံးနှင့် လူမှုဝန်ထမ်းဦးစီးဌာနရုံးမှ တာဝန်ရှိသူများနှင့် သင်တန်း သား၊ သင်တန်းသူ(၉၆)ဦး အခမ်းအနားသို့ တက်ရောက်

ခဲ့ကြပါသည်။

ဆက်လက်၍လူမှုရေးရာဝန်ကြီးမှ သင်တန်းဆင်း အဖွင့်အမှာစကား ပြောကြားခြင်း၊ အိမ်တွင်းမှုကျောင်း ကျောင်းအုပ်မှ သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်း တင်ပြခြင်း၊ စက်ချုပ်ဘာသာရပ် ထူးချွန်ဆုရရှိသူ သင်တန်းသူ မအေးသီတာထွန်းအား အပ်ချုပ်စက်(၁)လုံးချီးမြှင့်ခြင်း၊ တာဝန်ရှိသူများမှ သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခြင်း၊ သင်တန်းဆင်း သင်တန်းသူများ ကိုယ်စား မအေးသီတာထွန်းမှ ကျေးဇူးတင်စကားပြောကြားခြင်း များကို ဆောင်ရွက်ခဲ့ပြီး နံနက်(၁၀:၀၀) နာရီတွင် သင်တန်းဆင်းပွဲ အခမ်းအနား ပြီးမြောက်ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၃ခုနှစ်၊ မတ်လအတွင်း ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအသိပညာပေးခြင်း



(၂၄-၃-၂၀၂၃)ရက်နေ့တွင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ပေါင်မြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ပေါင်မြို့နယ်၊ ပေါင်းရပ်ကွက်တွင် နေထိုင်သော ပြည်သူများအား ကိုဗစ်-၁၉ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် ငလျင်ဘေးအန္တရာယ် အသိပညာ ပေးခြင်းတို့အား လှည့်လည်အသိပေး နှိုးဆော်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

(၂၅-၃-၂၀၂၃)ရက်နေ့တွင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ပေါင်မြို့နယ်၊ ကဒါရပ်ကွက်တွင် နေထိုင်သော ပြည်သူများအား ကိုဗစ်-၁၉ရောဂါ ကြိုတင် ကာကွယ်ရေးအသိပညာပေးခြင်းနှင့် ငလျင်ဘေးအန္တရာယ် အသိပညာပေးခြင်းတို့အား လှည့်လည်အသိပေး နှိုးဆော် ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။



## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၃ခုနှစ်၊ မတ်လအတွင်း သဘာဝဘေးအသိပညာပေးဆောင်ရွက်မှု



(၇-၃-၂၀၂၃)ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ကျိုက်ဝိုင်းလူငယ် သင်တန်းကျောင်း (ရန်ကုန်)၌ သဘာဝဘေး ကြိုတင် ကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဟောပြောခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

(၁၅-၃-၂၀၂၃)ရက်နေ့တွင်ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာန၌ သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်၍ အသိပညာပေး ဟောပြောခြင်းများ ဆောင်ရွက်ခဲ့ပါသည်။





(၁၅-၃-၂၀၂၃)ရက်နေ့တွင်ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် မူးယစ်ဆေးဖြတ်ပြီးသူများနောက်ဆက်တွဲ စောင့်ရှောက်နိုင်ရန်စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးသင်တန်းမှ သင်တန်းသားများအား သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု ဘာသာရပ် ဆွေးနွေးပို့ချ ဟောပြောခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၃ခုနှစ်၊ မတ်လအတွင်း ဇာတ်တိုက်လေ့ကျင့်ခန်းဆောင်ရွက်မှု



(၁၄-၃-၂၀၂၃)ရက်နေ့တွင်ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ငလျင်ဘေးအန္တရာယ် သဏ္ဍာန်တူဇာတ်တိုက် လေ့ကျင့်ခန်း ပြုလုပ်ခဲ့ပါသည်။



(၁၅-၃-၂၀၂၃)ရက်နေ့တွင် သထုံခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် မွန်ပြည်နယ်၊ သထုံမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန စုပေါင်းခန်းမ၌ ငလျင်ဘေးအန္တရာယ် သဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်ခန်း ပြုလုပ်ခဲ့ပါသည်။



(၂၃-၃-၂၀၂၃)ရက်နေ့တွင် မုဒုံမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ကွမ်းတောကျေးရွာရှိ ဖူးရှင်းဘုရားသား(စ်)ခရမ်ရာဘာ စက်ရုံ၌ ပြည်သူလူထု(၁၀၀)ဦးခန့်ဖြင့် ငလျင်ဘေး အန္တရာယ် သဏ္ဍာန်တူ ဇာတ်တိုက် လေ့ကျင့်ခန်း ပြုလုပ်ခဲ့ပါသည်။



(၂၃-၃-၂၀၂၃)ရက်နေ့တွင် သံဖြူဇရပ်မြို့နယ် ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်ရှိ အမှတ်(၂)အခြေခံအထက်တန်းကျောင်း၌ လျှင်ဘေးအန္တရာယ် သဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်ခန်း ပြုလုပ်ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ လေပြင်းဘေးကြိုတင်ပြင်ဆင်ရေးဆောင်ရွက်မှု



(၆-၃-၂၀၂၃)ရက်နေ့တွင် မြောင်းမြခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်၊ ရေသိုးညောင်ဝိုင်း ကျေးရွာအုပ်စု၊ လက်ပံကုန်းကျေးရွာ၊ အုန်းပင်ကျေးရွာ၊ ညောင်ဝိုင်းကျေးရွာနှင့် ရေသိုးကျေးရွာများ၌ လေပြင်းဘေးကြိုတင် ဆောင်ရွက်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။



(၈-၃-၂၀၂၃)ရက်နေ့တွင် မအူပင်ခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်အတွင်းရှိ ကျေးရွာများ၌ လေပြင်းဘေးကြိုတင်ဆောင်ရွက်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။



(၉-၃-၂၀၂၃)ရက်နေ့တွင် မြောင်းမြခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်၊ ညောင်တုန်း ချောင်းဖျား ကျေးရွာအုပ်စု၊ ချောင်းဖျားကျေးရွာ၊ အကယ်ရိုးကျေးရွာနှင့် သဲကုန်းကျေးရွာများ၌ လေပြင်းဘေးကြိုတင် ဆောင်ရွက်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။



(၁၂-၃-၂၀၂၃)ရက်နေ့တွင် မြောင်းမြခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်၊ ထိန်ငူကျေးရွာအုပ်စု၊ ဥယျာဉ်စုကျေးရွာ၊ ကျောင်းစုကျေးရွာ၊ ကျွဲလမ်းကျေးရွာနှင့် မာလာကုန်း

ကျေးရွာများ၌ လေပြင်းဒဏ်ဘေး ကြိုတင်ဆောင်ရွက်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။



(၁၅-၃-၂၀၂၃)ရက်နေ့တွင်မြောင်းမြခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်၊ကျုံခရီကျေးရွာအုပ်စု၊ကျုံခရီကျေးရွာနှင့် သုံးချက်ထောင်းကျေးရွာတို့၌ လေပြင်းဘေး ကြိုတင်ဆောင်ရွက်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။



(၁၇-၃-၂၀၂၃)ရက်နေ့တွင် မြောင်းမြခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်၊ သရွက်ကြီးကျေးရွာအုပ်စု၊ သရွက်ကျေးရွာ၌ လေပြင်းဘေးကြိုတင် ဆောင်ရွက်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ တောရိုင်းဆင်ဘေးထောက်ပံ့မှု

(၅-၃-၂၀၂၃)ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြောက်ဥက္ကလာပဆေးရုံတွင် ဆေးရုံတက်ရောက်နေသူ(၁)ဦးအတွက် တောရိုင်းဆင် ဝင်ရောက်မှုကြောင့် ဒဏ်ရာရ(၁)ဦးအတွက် ထောက်ပံ့ငွေကျပ်(၅၀,၀၀၀/-)ကို(၆-၃-၂၀၂၃)ရက်နေ့တွင်ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။



## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ လေဘေးထောက်ပံ့မှုများ



(၁၂-၃-၂၀၂၃)ရက်နေ့တွင်တနင်္သာရီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ ကျုံးမငေးမြို့၊ နဒီအောင်မြေရပ်ကွက်၌ လေဘေးဖြစ်ပွားခဲ့မှုကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးလူနေအိမ်(၁)လုံးအတွက်အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ်(၅၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၃) ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ်(၆,၃၀၀/-) တို့ကို လေဘေးသင့် ပြည်သူများထံသို့ (၁၄-၃-၂၀၂၃)ရက်နေ့တွင် ဝါးခယ်မမြို့နယ်ဦးစီးမှူးရုံးမှသွားရောက်ထောက်ပံ့ခဲ့ပါသည်။




(၁၂-၃-၂၀၂၃)ရက်နေ့တွင် ကရင်ပြည်နယ်၊ ဘားအံမြို့နယ်အတွင်းရှိ ကျေးရွာများအတွင်း လေဘေး ဖြစ်ပွားခဲ့မှုကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့သည့် ဘုန်းကြီးကျောင်း(၁)ကျောင်းနှင့် လူနေအိမ်(၈)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၃၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ(၅၀)ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၁၀၅,၀၀၀/-) တို့ကို လေဘေးသင့် ပြည်သူများ ထံသို့(၁၄-၃-၂၀၂၃)ရက်နေ့တွင် ဘားအံမြို့နယ်ဦးစီးမှူးရုံး မှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၁၃-၃-၂၀၂၃)ရက်နေ့တွင် ဧရာဝတီတိုင်းဒေသ ကြီး၊ မြောင်းမြမြို့နယ်၊ ကညွတ်ကျေးရွာအုပ်စု၊ ကညွတ် ကွင်းကျေးရွာနှင့် ကညင်ဂဲကျေးရွာအုပ်စု၊ ကညင်းဂဲ ကျေးရွာတို့၌ မိုးသည်းထန်စွာ ရွာသွန်းပြီး လေဘေး ဖြစ်ပွားခြင်းကြောင့်လုံးဝပျက်စီး လူနေအိမ်(၂)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ်(၂၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၈)ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ ငွေကျပ် (၁၆,၈၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း(၁၈)မျိုး တို့ကို (၁၄-၃-၂၀၂၃)ရက်နေ့တွင် မြောင်းမြခရိုင်ဦးစီးမှူး ရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၁၃-၃-၂၀၂၃)ရက်နေ့တွင် ဧရာဝတီတိုင်းဒေသ ကြီး၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် လေဘေး ဖြစ်ပွားခဲ့မှုကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီး လူနေအိမ်(၄)လုံးနှင့် လုံးဝပျက်စီး လူနေအိမ်(၄)အတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ်(၅၄၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ(၃၅)ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ ငွေကျပ်(၇၃,၅၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း(၁၇)တို့ကို (၁၄-၃-၂၀၂၃)ရက်နေ့တွင်ပုသိမ်ခရိုင်ဦးစီးမှူးရုံးမှသွားရောက် ထောက်ပံ့ခဲ့ပါသည်။



(၁၃-၃-၂၀၂၃)ရက်နေ့တွင် ဧရာဝတီတိုင်းဒေသ ကြီး၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် လေဘေးဖြစ်ပွားခဲ့မှုကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီး လူနေအိမ်(၄)လုံးနှင့် လုံးဝပျက်စီးလူနေအိမ်(၁၂)အတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ်(၆၄၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ(၅၂)ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့

ငွေကျပ်(၁၀၉,၂၀၀ိ/-)နှင့် ကယ်ဆယ်ရေးပစ္စည်း(၁၇)တို့ကို (၁၄-၃-၂၀၂၃)ရက်နေ့တွင်ပုသိမ်ခရိုင်ဦးစီးမှူးရုံးမှသွားရောက် ထောက်ပံ့ခဲ့ပါသည်။



(၁၄-၃-၂၀၂၃)ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့အတွင်းရှိ ပျဉ်းကတိုးကုန်းကျေးရွာအုပ်စု၊ ပျဉ်းကတိုးကုန်းရွာ၌ လေဘေးဖြစ်ပွားခဲ့မှုကြောင့် သစ်ကိုင်းကျိုးကျပြီး ထိခိုက်ဒဏ်ရာရရှိခဲ့သူ (၁)ဦးအတွက်ထောက်ပံ့ငွေကျပ်(၅၀,၀၀၀ိ/-)အား(၁၅-၃-၂၀၂၃) ရက်နေ့တွင် ပုသိမ်ခရိုင်ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။



(၁၄-၃-၂၀၂၃)ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့နယ်၊ အပင်နှစ်ဆယ်ကျေးရွာအုပ်စု၊ သော်ကကုန်းကျေးရွာတွင် လေဘေးဖြစ်ပွားခဲ့ခြင်းကြောင့် အစိခဏ်ရာမကျောင်းတိုက်အတွင်းရှိ RC(၁)ထပ်အဆောက်အဦး၏ ဘေးအကာ ကျောက်ပြားများ ထိခိုက်ပျက်စီးခဲ့သည့် ကျောင်းဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ်(၅၀,၀၀၀ိ/-)အား (၁၅-၃-၂၀၂၃)ရက်နေ့တွင်ပုသိမ်ခရိုင်ဦးစီးမှူးရုံးမှသွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၁၇-၃-၂၀၂၃)ရက်နေ့တွင် ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ မြိုင်ကြီးငူအထူးဒေသရှိ လူနေအိမ်(၂၀၀) လုံးတို့အား လေပြင်းဘေးဒဏ် ကြိုတင်ပြင်ဆင်လုပ်ငန်းအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၉,၇၀၀,၀၀၀ိ/-) တို့ကို ကရင်ပြည်နယ် ဝန်ကြီးချုပ်မှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။



(၁၉-၃-၂၀၂၃)ရက်နေ့တွင် မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်၊ မလွန်ကျေးရွာ၊ ကဒကျေးရွာနှင့် ရေခါးကျေးရွာတို့၌ လေဘေးဖြစ်ပွားခဲ့ခြင်းကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လူနေအိမ်(၃၅)လုံးတို့အတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၄၇၅,၀၀၀ိ/-)၊ ဘေးသင့်လူဦးရေ (၁၃၉)ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ်(၂၉၁,၉၀၀ိ/-)တို့ကို (၂၀-၃-၂၀၂၃)ရက်နေ့တွင် မင်းလှမြို့နယ်ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။



(၁၉-၃-၂၀၂၃)ရက်နေ့တွင် မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မကွေးမြို့နယ်၊ ပဒ္မနဂိုလ်ကျေးရွာနှင့် ကူးသန်းကျေးရွာ၌ လေဘေးဖြစ်ပွားခဲ့ခြင်းကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လူနေအိမ်(၃)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ်(၁၀၀,၀၀၀/-)၊ လူဦးရေ(၉)ဦး တို့အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၁၁၈,၉၀၀/-) တို့ကို (၂၅-၃-၂၀၂၃)ရက်နေ့တွင် မကွေးခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ မီးဘေးထောက်ပံ့မှုများ



(၂၆-၂-၂၀၂၃)ရက်နေ့တွင် ရှေ့ာဝတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ တွတ်ပလွတ်ကျေးရွာအုပ်စု၊ ကိုင်းငူကျေးရွာ၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လူနေအိမ်(၂)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေ(၂၅၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၈) ဦးတို့အတွက်ဆန်ရိက္ခာဖိုး(၁၆,၈၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၈)မျိုးတို့ကို (၂၇-၂-၂၀၂၃)ရက်နေ့တွင် မြိတ်ခရိုင်မြို့နယ် ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။



(၂၆-၂-၂၀၂၃)ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ စန္ဒဝတ်ကျေးရွာအုပ်စု၊ စန္ဒဝတ်ကျေးရွာ၊ မြကန်သာလမ်း၊ အောင်သုခသစ္စာကျောင်းတိုက်မှ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် ကျောင်းဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ်(၃၀၀,၀၀၀/-)၊ ဆွမ်းဆန်ဖိုးလှူဒါန်း ထောက်ပံ့ငွေကျပ်(၂,၁၀၀/-)တို့ကို (၂၉-၂-၂၀၂၃)ရက်နေ့တွင်မြိတ်ခရိုင်ဦးစီးမှူးရုံးမှသွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၂၆-၂-၂၀၂၃)ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ကတ္တလူကျေးရွာအုပ်စု၊ ကတ္တလူကျေးရွာ၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် ပျက်စီးနေအိမ်(၁)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေ(၁၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ(၂)ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ်(၁၀,၅၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း(၁၈)မျိုးတို့ကို မြိတ်ခရိုင်ဦးစီးမှူးရုံးမှ (၂၃-၂-၂၀၂၃)ရက်နေ့တွင် သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၂၃-၂-၂၀၂၃) ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးခရိုင်၊ တိုက်ကြီးမြို့နယ်၊ စပါးကိုင်းကျေးရွာ၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လူနေအိမ်(၁)လုံးအတွက်အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ်(၂၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ(၆)ဦးတို့အတွက် ဆန်ရိက္ခာဖိုးငွေ(၁၂,၆၀၀/-)၊ ကယ်ဆယ်ရေးပစ္စည်း(၁၉) နှင့်Mask(၁၂)ခုတို့ကို(၇-၃-၂၀၂၃)ရက်နေ့တွင်ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။



(၂၇-၂-၂၀၂၃)ရက်နေ့တွင် တနင်္သာရီတိုင်းဒေကြီး၊ မြိတ်မြို့နယ်၊ တညက်ကျေးရွာအုပ်၊ အနောက် ကျေးရွာ၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် ပျက်စီးနေအိမ်(၁)လုံး အတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၁၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ(၄)ဦးအတွက်ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ်(၈,၄၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၇) မျိုးတို့ကို (၂၉-၂-၂၀၂၃) ရက်နေ့တွင် မြိတ်ခရိုင်ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။




(၂၈-၂-၂၀၂၃)ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ တွံ့တေးခရိုင်၊ တွံ့တေးမြို့နယ်၊ ပဒါန်ရေကျော်ကျေးရွာအုပ်စု၊ ပဒါန်ကျေးရွာကွက်သစ်ပိုင်း၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လူနေအိမ်(၄)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေ(၃၄၅,၀၀၀/-)၊ ဘေးသင့်လူဦးရေ(၁၄)ဦးတို့ အတွက် ဆန်ရိက္ခာဖိုး(၂၉,၄၀၀/-)နှင့် ကယ်ဆယ်ရေး ပစ္စည်း(၁၈)မျိုးတို့ကို (၃-၃-၂၀၂၃)ရက်နေ့တွင် ရန်ကုန် တောင်ပိုင်းခရိုင်ဦးစီးမှူးရုံးမှသွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၁-၃-၂၀၂၃)ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားခရိုင်၊ လမ်းမတော်မြို့နယ်၊ အမှတ်(၈) ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနှင့် အောင်ရတနာလမ်းထောင့်၊ မွန်းရှီဝင်းအတွင်း၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လူဦးရေ (၂၅) ဦးတို့အတွက် ဆွမ်းဆန်ရိက္ခာဖိုး (၅၂,၅၀၀/-)၊ ကယ်ဆယ်ရေးပစ္စည်း(၁၉)မျိုး၊ ကိုဗစ်-၁၉ ကြိုတင် ကာကွယ်နိုင်ရေးအတွက် Mask(၅၀)ခုနှင့် IEC အလှူ ပစ္စည်းများမှ ကာဘော်လစ်ဆပ်ပြာ(၄)ထောင့်တို့ကို (၂-၃-၂၀၂၃) ရက်နေ့တွင် ရန်ကုန်တိုင်းဦးစီးမှူးရုံးမှ

သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၂-၃-၂၀၂၃)ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ တွံ့တေးခရိုင်၊ တွံ့တေးမြို့နယ်၊ ပဒါန်ရေကျော်ကျေးရွာအုပ်စု၊ ပဒါန်ကျေးရွာတွင် မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လူနေအိမ်(၁)လုံးအတွက်အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေ(၁၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ(၄)ဦးတို့တွက် ဆန်ရိက္ခာဖိုး(၈,၄၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း(၁၈)မျိုးတို့ကို (၂၈-၂-၂၀၂၃)ရက်နေ့တွင် မြိတ်ခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

(၂-၃-၂၀၂၃)ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားခရိုင်၊ လမ်းမတော်မြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနှင့် အောင်ရတနာလမ်းထောင့်၊ မွန်းရှိဝင်းအတွင်း၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လူနေအိမ်တိုက်ခန်း(၁၃)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေ(၂,၆၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ(၄၅)ဦးတို့အတွက် ဆန်ရိက္ခာဖိုး(၉၄,၅၀၀/-) နှင့် Mask(၉၀)ခုနှင့် IECအလှူပစ္စည်းများမှ ကာဘော်လစ်ဆပ်ပြာ(၉)တောင့်တို့ကို (၆-၃-၂၀၂၃)ရက်နေ့တွင် ရန်ကုန်းဒေသကြီးဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

(၅-၃-၂၀၂၃)ရက်နေ့တွင်မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ထီးလှိုင်ကျေးရွာအုပ်စု၊ ဆည်တိုကျေးရွာ၊ ထောင့်ကြန့်ချင်းဘုန်းကြီးကျောင်း၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် ကျောင်းဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ်(၃၀၀,၀၀၀/-)၊ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ်(၁၄,၇၀၀/-) နှင့် ကယ်ဆယ်ရေးပစ္စည်း(၁၇)မျိုးတို့ကို (၆-၃-၂၀၂၃)ရက်နေ့တွင် ရမည်းသင်းခရိုင် ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၈-၃-၂၀၂၃)ရက်နေ့တွင်မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ မြင်းခြံမြို့နယ်၊ အမှတ်(၇)ရပ်ကွက်၌ မီးဘေးဖြစ်ပွားမှုကြောင့်ဘေးသင့်ခဲ့သည့်တစ်စိတ်တစ်ပိုင်းပျက်စီး လူနေအိမ်(၁)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေ(၅၀၀,၀၀/-)၊ ဘေးသင့်လူဦးရေ(၇)ဦးတို့အတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ်(၁,၄၇၀၀/-)တို့ကို (၁၀-၃-၂၀၂၃)ရက်နေ့တွင် မြင်းခြံခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၁၀-၃-၂၀၂၃)ရက်နေ့တွင်မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ မဟာအောင်မြေမြို့နယ်၊ သံလျှက်မော်အနောက်ရပ်ကွက်၊ အကွက်(၃၇၅)၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် ပျက်စီးခဲ့သည့် လူနေအိမ်(၉)လုံးအတွက်

အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ်(၁,၁၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ(၇၂)ဦးအတွက် ဆန်ရိက္ခာဖိုးငွေ ထောက်ပံ့ငွေကျပ်(၁၅၁,၂၀၀/-)၊ ကယ်ဆယ်ရေးပစ္စည်း (၁၇)မျိုးတို့ကို (၁၅-၃-၂၀၂၃)ရက်နေ့တွင် မန္တလေးတိုင်း ဒေသကြီးဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

(၁၀-၃-၂၀၂၃)ရက်နေ့တွင်မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ ငါန်းဇွန်မြို့နယ်၊ ငါန်းမြဲကျေးရွာအုပ်စု၊ ငါန်းမြဲကျေးရွာ၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် ပျက်စီးခဲ့သည့် လူနေအိမ်(၂)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ်(၁၅၄,၀၀၀/-)၊ ဘေးသင့်လူဦးရေ(၈)ဦး အတွက် ဆန်ရိက္ခာဖိုးငွေ ထောက်ပံ့ငွေကျပ်(၁၆,၈၀၀/-)၊ ကယ်ဆယ်ရေးပစ္စည်း(၁၇)မျိုးတို့ကို (၁၆-၂-၂၀၂၃)ရက် နေ့တွင် မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။

(၁၁-၃-၂၀၂၃)ရက်နေ့တွင် မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ်၊ ထန်းလေးပင်ကျေးရွာ၌ မီးဘေး ဖြစ်ပွားခဲ့မှုကြောင့် ပျက်စီးလူနေအိမ်(၁)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ်(၁၀၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ(၂)ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ ငွေကျပ်(၄,၂၀၀/-)၊ ကယ်ဆယ်ရေးပစ္စည်း(၁၇)မျိုးတို့ကို (၁၄-၃-၂၀၂၃)ရက်နေ့တွင် သရက်ခရိုင်ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။



(၁၂-၃-၂၀၂၃)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ်၊ ယာကြီးကျေးရွာ အုပ်စု၊ ရေငံကျေးရွာ၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လုံး၀ ပျက်စီးခဲ့သည့် လူနေအိမ်(၁)လုံးအတွက် အိမ်ဆောက် ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ်(၁၀၀,၀၀၀/-)၊ ဘေးသင့် လူဦးရေ(၄)ဦးအတွက် ဆန်ရိက္ခာဖိုးငွေ ထောက်ပံ့ငွေကျပ် (၈,၄၀၀/-)၊ကယ်ဆယ်ရေးပစ္စည်း(၁၇)မျိုးတို့ကို(၁၃-၃-၂၀၂၃) ရက်နေ့တွင် ရမည်းသင်းခရိုင်ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။

(၁၃-၃-၂၀၂၃)ရက်နေ့တွင်ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ ဝါးနက်ကုန်းကျေးရွာ နှင့် စဘူးတောင်းကျေးရွာ၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် ပျက်စီးခဲ့သည့် လူနေအိမ်(၂)လုံးအတွက် အိမ်ဆောက် ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ်(၂၅၀,၀၀၀/-)၊ ဘေးသင့် လူဦးရေ(၁၄)ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၂၉,၄၀၀/-)၊ ကယ်ဆယ်ရေးပစ္စည်း(၁၆)မျိုး၊ Mask(၁၄) နှင့် IECအလှူပစ္စည်းများမှ ကာဘော်လစ်ဆပ်ပြာ (၁) တောင့်တို့ကို (၂၄-၃-၂၀၂၃)ရက်နေ့တွင် ရန်ကုန်တိုင်း ဒေသကြီးဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ပေးအပ်ခဲ့ပါ သည်။



(၁၅-၃-၂၀၂၃)ရက်နေ့တွင်ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ အရှေ့နှစ်ထောင်တန် (၂)လမ်း၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် ပျက်စီးခဲ့သည့် လူနေအိမ်(၂)လုံးအတွက်အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့

ငွေကျပ်(၄၀၀,၀၀၀/-)၊ဘေးသင့်လူဦးရေ(၈)ဦးတို့အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ်(၁၆,၈၀၀/-)၊ကယ်ဆယ်ရေး ပစ္စည်း(၁၆)မျိုးပါ စက္ကူပုံး(၂)ပုံးတို့ကို (၁၇-၃-၂၀၂၃)ရက် နေ့တွင် ပုသိမ်ခရိုင်ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါ သည်။



(၁၇-၃-၂၀၂၃)ရက်နေ့တွင်ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းခရိုင်၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ ဂန္ဓမာလမ်း၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့သည့် လူနေအိမ်(၁)လုံးအတွက် အိမ်ဆောက် ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ်(၅၀,၀၀၀/-)၊ ဘေးသင့် လူဦးရေ(၇)ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၁၄,၇၀၀/-)၊ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှသွားရောက် ထောက်ပံ့ပေးအပ်ခဲ့ပါသည်။



(၁၇-၃-၂၀၂၃)ရက်နေ့တွင်မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၊ ပတ္တာကျေးရွာ အုပ်စု၊ ငါးဆူကျေးရွာ၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် ပျက်စီးလူနေအိမ်(၃)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ်(၃၅၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ(၂၅) ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ်(၄၄,၁၀၀/-)၊ သေဆုံးသူ(၁)ဦးအတွက် ထောက်ပံ့ငွေကျပ်(၃၀၀,၀၀၀/-) နှင့်ကယ်ဆယ်ရေးပစ္စည်း(၁၇)မျိုးတို့ကို(၁၈-၃-၂၀၂၃)ရက် နေ့တွင် ကျောက်ဆည်ခရိုင်ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။



(၂၀-၃-၂၀၂၃)ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သုံးခွမြို့နယ်၊ သုံးခွအနောက်ကျေးရွာ အုပ်စု၊ အောင်ဘုံသာကျေးရွာ၊ ကွင်းအမှတ်(၈၄JA)၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် ပျက်စီးခဲ့သည့် လူနေအိမ်(၁) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၂၀၀,၀၀၀/-)၊ဘေးသင့်လူဦးရေ(၂)ဦးအတွက်ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ်(၂,၁၀၀/-)၊ ကယ်ဆယ်ရေးပစ္စည်း(၁၇) မျိုးတို့ကို (၂၂-၃-၂၀၂၃)ရက်နေ့တွင် ရန်ကုန်တောင်ပိုင်း ခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၂၁-၃-၂၀၂၃)ရက်နေ့တွင်တနင်္သာရီတိုင်းဒေသကြီး၊

သံဖြူဇရပ်မြို့နယ်၊ ပငကျေးရွာအုပ်စု၊ ကော့ထော်ပိုင်း၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့်ပျက်စီးခဲ့သည့်လူနေအိမ်(၄)လုံး အတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၄၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၁၄) ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ်(၂၉,၄၀၀/-)၊ ကယ်ဆယ်ရေး ပစ္စည်း(၁၆)မျိုးတို့ကို(၂၂-၃-၂၀၂၃)ရက်နေ့တွင် သံဖြူဇရပ် မြို့နယ်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ကမ်းပြိုဘေးထောက်ပံ့မှု



(၂၀-၂-၂၀၂၃)ရက်နေ့တွင်ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ ကုက္ကိုဝကျေးရွာအုပ်စု၊ ကုက္ကိုဝ ကျေးရွာတွင် မြစ်ကမ်းပါးပြိုကျမှုအန္တရာယ်ကြောင့် ကြိုတင်ဖျက်သိမ်းနေအိမ် (၆) လုံးအတွက် အိမ်ဆောက် ပစ္စည်းဖိုး ထောက်ပံ့ငွေ(၆၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၁၉)ဦး တို့အတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၃၉,၉၀၀/-)တို့ကို(၁၆-၃-၂၀၂၃)ရက်နေ့တွင် ညောင်တုန်း မြို့နယ်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ထူးခြားဖြစ်စဉ်အတွက်ထောက်ပံ့မှုများ

(၂၁-၃-၂၀၂၃)ရက်နေ့တွင် မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ဝက်ကော်ကျေးရွာ အကြမ်းဖက်အဖွဲ့၏ တိုက်ခိုက်မှုကြောင့် သေဆုံးသူ(၁)ဦးအတွက် သေဆုံး ထောက်ပံ့ငွေ(၃၀၀,၀၀၀/-)အား (၂၃-၃-၂၀၂၃)ရက်နေ့ တွင် သရက်ခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါ သည်။



## ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေးသင်တန်း (၁/၂၀၂၃) သင်တန်းဆင်းပွဲအခမ်းအနားကျင်းပခြင်း

**၂၀၂၃ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့** **ကျိုင်းတုံမြို့**



ရပ်ရွာအခြေပြုပြန်လည်ထူထောင်ရေးသင်တန်း (၁/၂၀၂၃) သင်တန်းဆင်းပွဲအခမ်းအနားကို (၁၆-၃-၂၀၂၃) ရက်နေ့ နံနက်(၁၀:၀၀)နာရီအချိန်တွင် ကျိုင်းတုံမြို့နယ်၊ ပန်ကွဲတောင်ရွာ၌ ကျင်းပပြုလုပ်ခဲ့ရာ တြိဂံဒေသတိုင်း စစ်ဌာနချုပ်၊ တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်နှင့် ဒုတိယ တိုင်းမှူး ဗိုလ်မှူးချုပ် ထွန်းမြတ်ရွှေ၊ ပြည်နယ်အစိုးရ

အုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းရှေ့) ဥက္ကဋ္ဌ ဦးရဲနိုင်နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ သင်တန်းသားများနှင့် သင်တန်းသားများ၏ မိဘ/ဆွေမျိုးများ တက်ရောက်ခဲ့ကြပါသည်။



သင်တန်းဆင်းပွဲအခမ်းအနားၡ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်နီလင်းအောင်ကမူးယစ်ဆေးဝါးပြဿနာသည် ပြည်သူများ၏ ကျန်းမာရေး၊ လူမှုရေး၊ အခြေခံစီးပွားရေးကို ထိခိုက်ပျက်စီးစေနိုင်ပြီး မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် ဆက်စပ်လျက်ရှိသည့် နောက်ဆက်တွဲအန္တရာယ်များကို ရင်ဆိုင်နေရပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးပြဿနာကို ထိန်းချုပ်နိုင်ရန်အတွက် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် တားဆီးနှိမ်နင်းရေးကို နည်းလမ်းအမျိုးမျိုး၊ ကဏ္ဍအမျိုးမျိုးဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုပပျောက်အောင် ဆောင်ရွက်ခြင်း၊ အသိပညာပေးခြင်း၊ ဆေးကုသပေးခြင်း၊ ယခုကဲ့သို့ ပြန်လည်ထူထောင်ရေးစခန်းများ ဖွင့်လှစ်ပြီး လူ့အသိုက်အဝန်းအတွင်း ပြန်လည်ဝင်ဆံ့နိုင်ရေးအတွက် ဆောင်ရွက်ပေးခြင်း လုပ်ငန်းများကို နည်းလမ်းပေါင်းစုံဖြင့် အကောင်ထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သင်တန်းသားများ အနေဖြင့်လည်း ကြုံတွေ့ခဲ့ရသည့်မူးယစ်ဆေးဝါးဆိုးကျိုးများကိုသင်ခန်းစာယူပြီး သင်တန်းမှသင်ကြားပေးခဲ့သော သက်မွေးပညာများကိုအခြေခံ၍ မိမိဘဝတိုးတက်စေရေး ဆောင်ရွက်စေလိုကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ဒေသခံအာခါတိုင်းရင်းသားဦးမင်းညိုကကျေးဇူးတင်စကားပြောကြားခဲ့ပြီး တြိဂံဒေသစစ်ဌာနချုပ်၊ တိုင်းမှူးက သင်တန်းသားများအားသင်တန်းဆင်း လက်မှတ်များပေးအပ်ခဲ့ပါသည်။ထို့နောက် စံပြဆုရရှိသော သင်တန်းသားအား ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့) ဥက္ကဋ္ဌမှ လည်းကောင်း၊ အားကစားထူးချွန်ဆုရရှိသော သင်တန်းသားအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ကျိုင်းတုံဥက္ကဋ္ဌမှလည်းကောင်း၊ သက်မွေးထူးချွန်ဆုရရှိသော သင်တန်းသားအား လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးမှ လည်းကောင်း ဆုများအသီးသီးချီးမြှင့်ခဲ့ပြီး သင်တန်းသားများမှ "အမွေခံဆိုးရဲ့နောင်တသီချင်း" ဖြင့် သီဆိုဖျော်ဖြေခဲ့ကြပါသည်။



သင်တန်းဆင်းပွဲ အခမ်းအနားသို့ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၊ တိုင်းမှူး၊ ဒုတိယတိုင်းမှူး၊ ပြည်နယ်အစိုးရအုပ်ချုပ်ရေး အဖွဲ့ခွဲ(ရှမ်းရှေ့) ဥက္ကဋ္ဌနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ သင်တန်းသားများနှင့် သင်တန်းသားများ၏ မိဘ/ဆွေမျိုးများ၊ စုစုပေါင်း (၈၀)ဦးခန့် တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်104B

လူမှုရေးရာများနှင့်ပတ်သက်လျှင် | သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်လျှင်
HELP LINE | HOT LINE
၀၆၇-၃၄၀ ၄၂၂၂ | ၀၆၇-၃၄၀ ၄၆၆၆
၀၆၇-၃၄၀ ၄၉၉၉ | ၀၆၇-၃၄၀ ၄၇၇၇
၂၄-နာရီ စုံစမ်းမေးမြန်းနိုင်ပြီး လိုအပ်သည့်အကူအညီများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

## ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ မြဝတီမြို့၊ ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာမှ မူးယစ်ဆေး ဖြတ်ပြီးသူများပြန်လည်ထူထောင်ရေးအကြောင်း သိကောင်းစရာ နှင့် လက်နက်ကိုင်ပဋိပက္ခကြောင့် ထိခိုက်လွယ်ကလေး သူငယ်များ ပြန်လည်ထူထောင်ရေး "ဆိုင်ရာအသိပညာပေးခြင်း

**၂၀၂၃ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့** **မြဝတီမြို့**




ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ကရင်ပြည်နယ်၊ မြဝတီမြို့၊ ယာယီ လက်ခံစောင့်ရှောက်ရေးဂေဟာနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒေါ်မာမာရီ(လက်ထောက်ညွှန်ကြားရေးမှူး)နှင့်(၁၇.၃.၂၀၂၃) ရက်နေ့တွင် မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည် ထူထောင်ရေးစခန်းများတွင် သင်တန်းသားများ လက်ခံရာ တွင် သင်တန်းသားများသည် အသက်(၁၈) နှစ်မှ (၅၀)နှစ် အတွင်းရှိသူ၊ နာတာရှည်ရောဂါ၊ ကူးစက်ရောဂါကင်းရှင်း သူ(သင်တန်းသူဖြစ်ပါက ကိုယ်ဝန်ဆောင်ထားသူမရှိစေရ)၊ သက်ဆိုင်ရာဆေးရုံဆေးခန်းများတွင် အနည်းဆုံး(၁၄)ရက် ခန့် ဆေးကုသမှုခံယူပြီးသူ ၊ စိတ်ရောဂါကင်းရှင်းသူ၊ ပါတီ နိုင်ငံရေးနှင့်ပြစ်မှုကင်းရှင်းသူ၊ မြန်မာနိုင်ငံသားဖြစ်သူ၊ သင်တန်းကာလအတွင်း သတ်မှတ်ထားသော သင်တန်း စည်းကမ်းများနှင့်အညီ ပြန်လည်ထူထောင်ရေးမှုခံယူနိုင် သူ၊ ဝန်ဆောင်မှုပေးခြင်းကိုခံယူနိုင်သူ၊ သင်တန်းကာလ အတွင်း သတ်မှတ်ထားသော သင်တန်းစည်းကမ်းများနှင့် အညီ နေထိုင်နိုင်ပါက ကတိဝန်ခံချက်၌ လက်မှတ်ရေးထိုး ရမည်၊ မိဘ(သို့) အုပ်ထိန်းသူ ကိုယ်တိုင် (သို့) အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှတဆင့် ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူးများမှ လာရောက်အပ်နှံသူ၊ ရပ်ကွက်၊ ကျေးရွာအတွင်း ဆေးသုံးစွဲခဲ့ပြီး ဆေးဖြတ်ရန်ဆန္ဒရှိသူ၊ သင်တန်းကာလအတွင်း မိဘအုပ်ထိန်းသူအနေဖြင့် စခန်းနှင့် ဆက်သွယ်နေရမည်၊ ပြန်လည်ထူထောင်နေမှု ခံယူနေစဉ် ကာလအတွင်း ကျန်းမာရေးကိစ္စ တစ်ခုခုဖြစ်ပါ က မိဘ(သို့) အုပ်ထိန်းသူထံ ပြန်လည်အပ်နှံခြင်းကို ခံယူ နိုင်သူ၊ သင်တန်းတက်ရောက်ရန် (၂)ကြိမ်သာ ခွင့်ပြုခြင်း (ပထမအကြိမ်အား နိုင်ငံတော်စရိတ်ဖြင့် လက်ခံမည်)၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း များမှာ ရန်ကုန်၊ မန္တလေး ၊ မြစ်ကြီးနား၊ လားရှိုး၊ ကျိုင်းတုံ၊ တာချီလိတ်၊ နမ့်လတ်၊ မြဝတီ၊ ဘားအံ၊ ကော့သောင်း၊ ဝက်ထီးကန်၊ မြိတ်၊ ဖယ်ခုံ၊ ကလိန်အောင်စသည့် စခန်း များ ဖွင့်လှစ်ထားရှိကြောင်းနှင့် စခန်းအခြေပြု(၃)လနှင့် ရပ်ရွာအခြေပြု(၄၅)ရက်ဖွင့်လှစ်ပြီး သင်တန်းကာလ အတွင်း ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာထူထောင် ပေးခြင်း၊ အသက်မွေးဝမ်းကြောင်း ပညာသင်ကြားပေး ခြင်းနှင့် မြန်မာနိုင်ငံသည် ကလေးသူငယ်အခွင့်အရေးများ ဆိုင်ရာကုလသမဂ္ဂကွန်ဗင်းရှင်း (UNCRC) ကလေးသူငယ် များအား ရောင်းချခြင်း၊ ပြည့်တန်ဆာ အဖြစ်အသုံးပြုခြင်း၊ မကောင်းသော ရုပ်ပြမဂ္ဂဇင်းများတွင် အသုံးပြုခြင်းဆိုင်ရာ နောက်ဆက်တွဲ အခြေပြစာချုပ်၊ လက်နက်ကိုင် ပဋိပက္ခ အတွင်း ကလေးသူငယ်များ ပါဝင်ပတ်သက်မှုဆိုင်ရာ နောက်ဆက်တွဲ အခြေပြစာချုပ်ပါ ပြဋ္ဌာန်းချက်များနှင့် ကလေးသူငယ်များ၏ အကျိုးစီးပွားကိုသာ ရှေ့ရှုသည့်မှု ကို ဗဟိုပြုထားသော မြန်မာနိုင်ငံ၏ ကလေးသူငယ်များ

အခွင့်အရေးများဆိုင်ရာ ဥပဒေ (၂၀၁၉)တို့ကို အလေးထား ဆောင်ရွက်လျှက်ရှိပါကြောင်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် ကလေးသူငယ်များ၏ အခြေခံအခွင့်အရေး(၄)ရပ်ဖြစ်သည့် အသက်ရှင်သန်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ ကာကွယ်စောင့်ရှောက်ခံပိုင်ခွင့်နှင့် ပါဝင်ဆောင်ရွက်ခွင့်များရရှိရေး ဆောင်ရွက်လျက်ရှိပြီး ကလေးသူငယ်များ၏အကောင်းဆုံးအကျိုးစီးပွားဖြစ်ထွန်းစေရေးမှု (Best Interest of the Child) အခြေခံ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကလေးသူငယ်များ၏အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်းနှင့် မြန်မာနိုင်ငံကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေ(၂၀၁၉)ပါ ပြဋ္ဌာန်းချက်တို့ကို ချိုးဖောက်သူမည်သူကိုမဆို ထိရောက်စွာအပြစ်ပေးသွားမည်ဖြစ်ပြီး လက်နက်ကိုင် ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများကို လုံးဝလက်မခံရေး မူဝါဒနှင့် အညီအရေးယူ ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် မိုင်းကြောင့်ထိခိုက်ခံစားနေရသော ကလေးသူငယ်များအား ပြန်လည်ထူထောင်ရေးဦးစီးဌာန၏ ဘတ်ဂျက်မှတစ်ဦးလျှင်(၂သိန်း)ကျပ်စီဖြင့် ထောက်ပံ့ပေးကြောင်း အသိပညာပေးပြောကြားခဲ့ပါသည်။

## မသန်စွမ်းအမျိုးသမီးနှင့် ကလေးသူငယ်များရေးရာ ဆပ်ကော်မတီအစည်းအဝေးကျင်းပခြင်း

**၂၀၂၃ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့** **နေပြည်တော်**



မသန်စွမ်းအမျိုးသမီးနှင့် ကလေးသူငယ်များရေးရာဆပ်ကော်မတီ အစည်းအဝေးကို လူမှုဝန်ထမ်းဦးစီးဌာနနှင့်ပူးပေါင်း၍ မသန်စွမ်းအမျိုးသမီးနှင့်ကလေးသူငယ်များရေးရာ ဆပ်ကော်မတီဝင် (၁၀) ဦးဖြင့် ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမတွင် ညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပါသည်။

